သင့်ဘဝတစ်သက်တာအတွက် လွန်စွာမှ တိကျမှန်ကန်သော ဟောစာတမ်းဖြစ်ပါတယ်။

ဘုမ္မာဝတီစာပေ

# မင်းသိင်္ခ

ဟောစာတမ်းဖြစ်ပါတယ်။ ခုနှစ်ရက်သားသမီးများအတွက် အသက်အပိုင်းအခြားအလိုက်

## သင့်အတွက် ဘဝတစ်သက်တာ ဟောစာတမ်း



ကျွန်ုပ်ကိုယ်တိုင်မရှိတော့သည့်နောက်ပိုင်း ကျွန်ုပ်၏ဝိညာဉ်သည် သင်တို့အနားမှာ တဝဲလည်လည်ဖြစ်၍ သင်တို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနေဦးမှာပါ။

မင်းသိင်္ခ

နေ့သားအလိုက် အသက်အပိုင်းအခြားဖြင့် သင့်ကံကြမ္မာကို ဟောပေးထားပါသည် ။

ပြုလုပ်ရမည့် ယတြာများ လည်း ဖော်ပြထားသည် ။

ယတြာနှင့် အဆောင်ပုံများကို ရှင်းလင်းချက်များ ဖော်ပြထားသည် ။

**မင်းသိခ်**



| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၂ | ၁၂၈၉ | ၁၂၉၆ | ၁၃၀၃ | ၁၃၁၀ | ၁၃၁၇ | ၁၃၂၄ |
| ၁၃၃၁ | ၁၃၃၈ | ၁၃၄၅ | ၁၃၅၂ | ၁၃၅၉ | ၁၃၆၆ | ၁၃၇၃ |
| ၁၃၈၀ | ၁၃၈၇ | ၁၃၉၄ | ၁၄၀၁ | ၁၄၀၈ | ၁၄၁၅ | ၁၄၂၂ |
| ၁၄၂၉ | ၁၄၃၆ | ၁၄၄၃ | ၁၄၅၀ | ၁၄၅၇ | ၁၄၆၄ | ၁၄၇၁ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့သားမဆို အောက်ပါဟောချက်များ နှင့် အကျုံးဝင်၏။

(၁)လူအများ နှင့် စပ်တူလုပ်ကိုင်ရာတွင် လုပ်ငန်းများ တွင် အဆင်ပြေမည် မဟုတ်ပါ။ အကျိုးလည်း ရှိမည်မဟုတ်ပါ။

(၂)မိဘမောင်ဖွား၊ ညီအစ်ကိုမောင်နှမ၊ သားသမီး၊ အိမ်ထောင်ရှင်တို့၏ ချစ်ခင်ယုယမှုကို ခံရလိမ့်မည် မဟုတ်ပါ။

(၃)လူမှုရေး၊ အသင်းအဖွဲ့များ နှင့် လုံးဝအကျိုးမပြုပါ။

(၄)အများ စုအတွက် ကိုယ်က အနစ်နာခံ၍ လုပ်ကိုင်ပေးရတတ်၏။

(၅)လူယုံမွေး၍ မရပါ။ ဆရာမွေး၊ တပည့်မွေး၊ အကျိုးမပြုပါ။ ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်မှ သင့်တော်ပေလိမ့်မည်။

(၆)မိတ်ဆွေ အပေါင်းအသင်းများ သူ ဖြစ်ပါက မိတ်ဆွေများကြောင့် သိက္ခာကျတတ်၏။

(၇)ခန့်ညားထည်ဝါစွာ နေထိုင်ရတတ်၏။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ တနင်္လာ၊ သောကြာ သားသမီးများ ဖြစ်ပါက ထီမကြာခဏ ပေါက်တတ်သည် ။ အမွေအနှစ်များ လည်း ရတတ်သည် ။

(၈)မည်မျှ စိတ်ရင်း စေတနာထား၍ လုပ်ကိုင်ပေးစေကာမူ လူအများ ၏ မနာလိုမှု၊ ယှဉ်ပြိုင်မှု ပြစ်တင်ရှုတ်ချမှု၊ သိက္ခာချမှုများကို မကြာခဏ ကြုံတွေ့ရတတ်၏။

(၉)ဝါဆိုလ၊ တပို့တွဲလတို့ ၌ အရေးကြီးသော လုပ်ငန်းများ ၊ စီမံကိန်းများ လုပ်ပါက ပျက်စီး ဆုံးရှုံးရတတ်သည် ။

(၁၀)အရေးကြီးသော လုပ်ငန်းများကို နယုန်လ၊ သီတင်းကျွတ်လတို့ တွင် လုပ်ကိုင်မိပါက အောင်မြင်မှု၊ ရှိတတ်သည် ။

(၁၁)လိပ်ခေါင်းရောဂါ၊ လေရောဂါ၊ အစာအိမ်၊ ရင်ခေါင်းတွင် ဖြစ်ပွားတတ်သော ရောဂါ၊ ဝမ်းဗိုက်တွင် ဖြစ်ပွားတတ်သော ရောဂါ၊ ဒူလာ၊ မီးယပ် စသည် တို့ ဖြစ်ပွားတတ်သည် ။

(၁၂)ဤခုနှစ်တွင် မွေးဖွားသော သူတို့ သည် သင့်တင့်သော အရွယ် တွင် အိမ်ထောင်ကျတတ်သည် ။ ကြာသပတေး၊ သောကြာ၊ စနေသား သမီးတို့ နှင့် အိမ်ထောင်ပြုအပ်၏။ တနင်္ဂနွေ၊ တနင်္လာတို့ ကို ရှောင်လျှ င် ပို၍ ကောင်း၏။

(၁၃)ဤခုနှစ်တွင် မွေးဖွားသော တနင်္ဂနွေ၊ တနင်္လာသားသမီးတို့ သ ည် အိမ်ထောင်ကို စောစောပြုတတ်၍ စောစော အိမ်ထောင် ကွဲတတ်သ ည် ကို သတိပြုပါ။

(၁၄)ဤခုနှစ်တွင် မွေးဖွားသော သူတို့ သည် ဝန်ထမ်းအလုပ်၊ ကုန်သည် ကြီးအလုပ်၊ သွပ်၊ သံ၊ သစ်အလုပ်၊ ခရီးသွားလုပ်ငန်း၊ ဆရာလုပ်ငန်းတို့ ဖြင့် အကျိုးပေး၏။

(၁၅)အုပ်ချုပ်ရေးလုပ်ငန်း၊ ကုန်သည် ကလေးလုပ်ငန်း၊ ကျောက်နှင့် ပတ်သက်သော လုပ်ငန်းများ ၊ ကားနှင့် ပတ်သက်သော လုပ်ငန်းများ အကျိုးမပေးပါ။

(၁၆)ဤခုနှစ်တွင် မွေးဖွားသောသူများ အနေဖြင့် ထာဝရဆောင်ရမည့် ၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေသားသမီးများ အတွက် - မေမြို့(၅) ပွင့်၊ သီဟိုဠ်(၆) ညွန့်

တနင်္လာသားသမီးများ အတွက် - သီဟိုဠ်(၆)ညွန့်နှင့် နှင်းဆီ (မည်သည့် အရောင်မဆို) (၇)ပွင့်၊ စံပယ်(၃) ကုံး။

အင်္ဂါသားသမီးများ အတွက် - နှင်းဆီ (မည်သည့် အရောင်မဆို) (၇) ပွင့်၊ စံပယ်(၃) ကုံး (သို့) ဇော်စိမ်း (၃)ညွန့်။

ဗုဒ္ဓဟူးသားသမီးများ အတွက် - မေမြို့(၅) ပွင့်။

ကြာသပတေး သားသမီးများ အတွက် - သီဟိုဠ်(၆)ညွန့်၊ စံပယ် (၃) ကုံး၊ မေမြို့(၅)ပွင့်။

သောကြာ သားသမီးများ အတွက် - စံပယ်(၃)ကုံး၊ နှင်းဆီ(မည်သည့် အရောင်မဆို) (၇)ပွင့်။

စနေ သားသမီးများ အတွက် - မေမြို့ (၅)ပွင့်၊ နှင်းဆီ (မည်သည့် အ

ရောင်မဆို) (၇)ပွင့်။

(၁၇)ကျောက်မျက်ရတနာ အနေဖြင့် နီလာကို ဝတ်ဆင်သင့်ပေသည် ။ ဒုတိယဝတ်ဆင် သင့်သော ရတနာမှာ မြ၊ ပတ္တမြား၊ သန္တာ ဖြစ်၏။

(၁၈)အရောင်အနေဖြင့် အရောင်ရင့်များ ၊ အနက်ရောင်များ သည် သင့်တော်သော အရောင်ဖြစ်သည် ။

(၁၉)အကြံပြုလိုသည် မှာ မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့ အား မကြာခဏ ပူဇော်ပေးပါ။ မည်သူ့ကိုမျှ မာမာတင်းတင်း မဆက်ဆံပါနှင့် ။

(၂၀)တစ်သက်လုံး ကိုးကွယ်မည့် ဘုရားဆင်းတုတော်အား ထိန်သားဖြင့် ထုလုပ်၍ ရှင်သီဝလိအား ပေါက်သား၊ ပျဉ်းမသားဖြင့် ထုလုပ်ပြီး ရှင်ဥပ္ပဂုတ်ကိုမူ သီးသားဖြင့် ထုလုပ်သင့်ပါသည် ။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၃ | ၁၂၉၀ | ၁၂၉၇ | ၁၃၀၄ | ၁၃၁၁ | ၁၃၁၈ | ၁၃၂၅ |
| ၁၃၃၂ | ၁၃၃၉ | ၁၃၄၆ | ၁၃၅၃ | ၁၃၆၀ | ၁၃၆၇ | ၁၃၇၄ |
| ၁၃၈၁ | ၁၃၈၈ | ၁၃၉၅ | ၁၄၀၂ | ၁၄၀၉ | ၁၄၁၆ | ၁၄၂၃ |
| ၁၄၃၀ | ၁၄၃၇ | ၁၄၄၄ | ၁၄၅၁ | ၁၄၅၈ | ၁၄၆၅ | ၁၄၇၂ |

အထက်ပါ သင်္ကေတရာဇ်တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)လူမှုဆက်ဆံ ပေါင်းသင်းရေးတို့ တွင် ခေါင်းမာသူ၊ တစ်ယူသန်သူ၊ တစ်ဇွတ်ထိုးပြုမူ ဆောင်ရွက်တတ်သူဟု အထင်ခံရတတ်၏။

(၂)မိဘမောင်ဖွား အုပ်ထိန်းသူတို့ ၏ လမ်းညွှန်မှု၊ ဆိုဆုံးမမှုတို့ ကို မခံယူဘဲ မိမိ၏ စိတ်ဆန္ဒ အလျောက် လုပ်ကိုင် ဆောင်ရွက်တတ်သူ ဖြစ်၏။

(၃)ပတ်ဝန်းကျင်ကို ဂရုမထားဘဲ ကောင်းကောင်း ဆိုးဆိုး တစ်ယူသန် တစ်ဇွတ်ထိုး ပြုမူပြောဆို လုပ်ကိုင်တတ်၏။

(၄)လုပ်ချင်သည့် ကိစ္စကို မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ လုပ်ကိုင်တတ်။ မိသားစုကိစ္စ၊ အိမ်တွင်းရေး ကိစ္စများကိုလည်း ပြန်၍ လှည့်မကြည့်တတ်ပေ။

(၅)မှားယွင်းစွာ ပြုလုပ်ခဲ့သော အလုပ်တစ်ခုကို မှားမှန်းသိလျက်နှင့် လုံးဝပြန်မပြင်နိုင်ခြင်း။

(၆)ပညာသင်ကြားချိန်တွင် ကျန်းမာရေးညံ့ကြုံခြင်း၊ ပူပင်သောက တစ်ခုခု ရောက်လာတတ်ခြင်း။

(၇)ပညာတတ်ပါက ပို၍ ခေါင်းမာ၏ ၊ တစ်ယူသန်၏ ၊ အတွေးအခေါ် အယူအဆ ပြတ်သားရဲရင့်စွာ တွေးခေါ်တတ်မှုကြောင့် အများ သူငါ နှင့် အမြဲလိုလို ဆန့်ကျင်ဖက်ဖြစ်နေ တတ်၏။

(၈)ကြာသပတေး၊ သောကြာ သားသမီးများ စိတ်ညစ်စရာ ကြုံတွေ့ပါက ဂရုစိုက်ပါလေ။

(၉)ဝါခေါင်လ၊ တပေါင်းလတို့ ၌ အရေးကြီးသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက ပျက်စီးတတ်ပါသည် ။

(၁၀)တန်ခူးလနှင့် တန်ဆောင်မုန်းလတို့ ၌ အရေးကြီးသော လုပ်ငန်းများ လုပ်ကိုင်မိပါက အောင်မြင်တတ်၏။

(၁၁)အဆောင်ကျောက်အဖြစ် ဝတ်လိုပါက ပတ္တမြားကို ဝတ်ဆင်နိုင်ပါသည် ။ ကံကောင်းသော အရောင်မှာ အနီရောင်၊ ကြက်သွေးရောင်တို့ ဖြစ်ပါသည် ။

(၁၂)ဦးနှောက်နှင့် အာရုံကြောရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါများ ဖြစ်ပွားတတ်၏။

(၁၃)တစ်ဇွတ်ထိုး ပြုမူ ပြောဆိုလုပ်ကိုင်မှုကို ရှောင်ပြီး မိဘအုပ်ထိန်းသူတို့ ၏ ဆိုဆုံးမမှုကို ခံယူပြီး လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်တိုးတက်မှုများ ရလိမ့်မည်။

(၁၄)သင့်တင့်သောအရွယ်တွင် အိမ်ထောင်ကျတတ်ပါသည် ။ သောကြာ၊ စနေ၊ တနင်္ဂနွေ သားသမီးတို့ နှင့် အိမ်ထောင်ကျပါက အိမ်ထောင်ရေး အဆင်ပြေလိမ့်မည် မဟုတ်ပါ။

(၁၅)အုပ်ချုပ်ရေးအလုပ်၊ ဝန်ထမ်းအလုပ်၊ ကုန်သည် ကြီး အလုပ်တို့ နှင့် အကျိုးပေးသည် ။

(၁၆)ဤခုနှစ်တွင် မွေးဖွားသောသူများ အနေဖြင့် ထာဝရဆောင်ရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - သီဟိုဠ် (၆)ညွှန့်၊ အုန်း(၁) ညွှန့်

တနင်္လာ သားသမီးများ အတွက် - သီဟိုဠ် (၆)ညွှန့်နှင့် နှင်းဆီအဖြူရောင်(သို့) ပန်းရောင် (၇)ပွင့်

အင်္ဂါ သားသမီးများ အတွက် - နှင်းဆီအနီရောင် (သို့) ပန်းရောင်(၇)ပွင့်၊ ရွက်လှ(၄)ညွှန့်၊ အုန်း(၁)ညွှန့်

ဗုဒ္ဓဟူး သားသမီးများ အတွက် - အုန်း(၁) ညွှန့်၊ ရွက်လှ (၄)ညွှန့်

ကြာသပတေး သားမီးများ အတွက် - သပြေ (၆)ညွှန့်

သောကြာ သားသမီးများ အတွက် - နှင်းဆီအဖြူရောင်(သို့) ပန်းရောင် (၇)ပွင့်၊ ရွက်လှ (၄) ညွှန့်၊ သီဟိုဠ် (၆)ညွှန့်

စနေ သားသမီးများ အတွက် - ရွက်လှ(၄)ညွှန့်၊ အုန်း(၁)ညွှန့်၊ နှင်းဆီအနီရောင် (၇)ပွင့်။

(၁၇)တစ်သက်လုံး ကိုးကွယ်ရမည့် ဆင်းတုတော်အား အင်သားဖြင့် ထုသင့်၏။ ရှင်သီဝလိကို သီဟိုဠ်သားဖြင့် ထုသင့်၏။ ရှင်ဥပဂုတ္တပုံကို ထိန်သားဖြင့် ထုလုပ် ကိုးကွယ်သင့်၏။

(၁၈)အရက်၊ ဘိန်း၊ မူးယစ်ဆေးဝါး တစ်ခုခု စွဲတတ်သည် ။ ဂရုပြုပါ ။

(၁၉)ဗေဒင်၊ ဆေးပညာ တစ်ခုခုကို လိုက်စားတတ်၏။ အထက်ဂိုဏ်းတစ်ခုခု ဝင်တတ်၏။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၄ | ၁၂၉၁ | ၁၂၉၈ | ၁၃၀၅ | ၁၃၁၂ | ၁၃၁၉ | ၁၃၂၆ |
| ၁၃၃၃ | ၁၃၄၀ | ၁၃၄၇ | ၁၃၅၄ | ၁၃၆၁ | ၁၃၆၈ | ၁၃၇၅ |
| ၁၃၈၂ | ၁၃၈၉ | ၁၃၉၆ | ၁၄၀၃ | ၁၄၁၀ | ၁၄၁၇ | ၁၄၂၄ |
| ၁၄၃၁ | ၁၄၃၈ | ၁၄၄၅ | ၁၄၅၂ | ၁၄၅၉ | ၁၄၆၆ | ၁၄၇၃ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)ငယ်ရွယ်စဉ်မှ စ၍ အပြောင်းအရွှေ့များ မကြာခဏ ကြုံတွေ့ရတတ်ပါသည် ။

(၂)မိမိက သူတစ်ပါးကို မပြိုင်ဆိုင်သော်လည်း သူတစ်ပါးက မိမိကို မကြာခဏ လာရောက် ပြိုင်ဆိုင်လိမ့်မည်။ အတိုက်အခံလည်း လုပ်တတ်ပါသည် ။

(၃)စကားများများ ပြောမိပါက အတိုက်အခံဖြစ်ပြီး ငြင်းခုံရတတ်ခြင်း၊ ရန်များ ခြင်း ကြုံရလိမ့်မည်။ ထို့ကြောင့် စကားနည်းနိုင်သမျှ နည်းပါစေ။

(၄)မွေးတာတစ်နေရာ ကြီးတာတစ်နေရာ ကျော်ကြားတာ တစ်နေရာ ဖြစ်ပေလိမ့်မည်။

(၅)ပြည်တွင်း၌ မြို့ရွာအနှံ့၊ နေရာအနှံ့ သွားရောက် နေထိုင်ရတတ်

၏။

(၆)နိုင်ငံရပ်ခြား ခရီးဝေးများ မကြာခဏ သွားရောက် ရတတ်ပါသည် ။

(၇)မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်ပါသည် ။ ထိုသို့ကျလျှင် မမြဲဘဲ ကွဲပေလိမ့်မည်။ တနင်္ဂနွေ၊ တနင်္လာ၊ စနေနေ့များ သည် အိမ်ထောင်ဖက် ကောင်းများ ဖြစ်တတ်ပါသည် ။ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ သားသမီးများကို အိမ်ထောင်မပြုလျှင် ပို၍ ကောင်းပါသည် ။

(၈)မမျှော်လင့်ဘဲ ငွေအစုလိုက်၊ အပုံလိုက်ရကာ ချမ်းသာတတ်ပါသည် ။

(၉)ဘဝတစ်လျှောက်လုံးတွင် လှုပ်ရှားမှုများစွာ ကြုံတွေ့လိမ့်မည်။

(၁၀)ကုန်သည် အလုပ်၊ ဝန်ထမ်းအလုပ်၊ အုပ်ချုပ်ရေး အလုပ်များ နှင့် အကျိုးပေးသည် ။

(၁၁)ဤနှစ်ဖွား အမျိုးသမီးများ သည် ရပ်ဝေးတွင် အလုပ်လုပ်သော ယောကျ်ားမျိုးနှင့် အိမ်ထောင်ကျတတ်သည် ။

(၁၂)ဤခုနှစ်တွင် ဖွားသော အင်္ဂါသမီး၊ သောကြာသမီး၊ စနေသမီးတို့ သည် မိမိစိတ်ထင်ရာကို တစ်ဇွတ်ထိုး လုပ်ကိုင်တတ်သည် ။ ထို့ကြောင့် မိဘ၊ မောင်နှမများ ၏ ဝိုင်းပယ်ခြင်း၊ စွန့်လွှတ်ခြင်းကို ခံရတတ်သည် ။ အသက်လေးဆယ်ကျော်မှ သာ တည်ငြိမ် အေးဆေးသွားလိမ့်မည်။

(၁၃)အရေးကြီးသော အလုပ်များကို တော်သလင်းလ၊ နယုန်လတွင် လုပ်မိပါက ပျက်စီး ဆုံးရှုံးတတ်သည် ။

(၁၄)အရေးကြီးသော အလုပ်များကို ကဆုန်လ၊ နတ်တော်လများ

တွင် ပြုလုပ်ပါ အောင်မြင်လိမ့်မည်။

(၁၅)အဆောင်အဖြစ် ဝတ်ဆင်လိုပါက ဂေါ်မုတ်ကျောက်ကို ဝတ်ဆင်ပါ။ သင့်မြတ်သော အရောင်မှာ အဖြူရောင် ဖြစ်ပါသည် ။

(၁၆)ကျန်းမာရေးနှင့် ပတ်သက်၍ သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုရောဂါများ ဖြစ်ပွားတတ်သည် ။

(၁၇)အကြံပြုလိုသည် မှာ မျက်နှာချိုချိုထား၍ နှုတ်ချိုစွာ ပြောတတ်ရန် လေ့ကျင့်ထားပါ။ မည်သည့် လုပ်ငန်းကို လုပ်သည် ဖြစ်စေ အလောသုံးဆယ် မလုပ်ဘဲ ဖြည်းဖြည်းဆေးဆေး လုပ်ပါ။

(၁၈)ဤခုနှစ်တွင် မွေးဖွားသော လူများ အနေဖြင့် ထာဝရဆောင်ရမည့် လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - မေမြို့(၅)ပွင့်၊ ကံ့ကော် (၂)ညွန့်၊ အုန်း(၁) ညွန့်

တနင်္လာ သားသမီးများ အတွက် - နှင်းဆီအဖြူရောင် (သို့) ပန်းရောင်(၇)ပွင့်၊ ကံ့ကော်(၂)ညွန့်

အင်္ဂါ သားသမီးများ အတွက် - နှင်းဆီအနီရောင်(၇)ပွင့်၊ အုန်း(၁) ညွန့်

ဗုဒ္ဓဟူး သားသမီးများ အတွက် - အုန်း(၁)ညွန့်၊ ကြာပန်း(၂)ပွင့်၊ မေမြို့ (၅)ပွင့်

ကြာသပတေး သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်၊ မေမြို့(၅)ပွ

င့်

သောကြာ သားသမီးများ အတွက် - နှင်းဆီအဖြူရောင်(သို့) ပန်းရောင် (၇)ပွင့်

စနေ သားသမီးများ အတွက် - အုန်း(၁)ညွှန့်၊ မေမြို့(၅)ပွင့်၊ နှင်းဆီအနီရောင် (၇)ပွင့်

(၁၉)တစ်သက်လုံး ကိုးကွယ်မည့် ဆင်းတုတော်အား ကံ့ကော်သားဖြင့် ထုလုပ်ပါ။ ရှင်သီဝလိ

ပုံတော်အား ထိန်သားဖြင့် ထုလုပ်ပါ။ ရှင်ဥပဂုတ္တပုံတော်အား အင်သားဖြင့် ထုလုပ်၍ ကိုးကွယ်သင့်ပါသည် ။

(၂၀)မွေးစားမိဘ ရှိတတ်သည် ။

(၂၁)ဤခုနှစ်တွင် မွေးဖွားသော ကလေးငယ်များကို မိဘများ သည် သေချာစွာလေ့လာ၍ စိတ်ဓာတ်ကို ပြုပြင်၍ မွေးဖွားသင့်ပါသည် ။ ထိုသို့မဟုတ်ပါက မိန်းမလျာ၊ ယောကျ်ားလျာများ ဖြစ်သွားတတ်ပါသည် ။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၅ | ၁၂၉၂ | ၁၂၉၉ | ၁၃၀၆ | ၁၃၁၃ | ၁၃၂၀ | ၁၃၂၇ |
| ၁၃၃၄ | ၁၃၄၁ | ၁၃၄၈ | ၁၃၅၅ | ၁၃၆၂ | ၁၃၆၉ | ၁၃၇၆ |
| ၁၃၈၃ | ၁၃၉၀ | ၁၃၉၇ | ၁၄၀၄ | ၁၄၁၁ | ၁၄၁၈ | ၁၄၂၅ |
| ၁၄၃၂ | ၁၄၃၉ | ၁၄၄၆ | ၁၄၅၃ | ၁၄၆၀ | ၁၄၆၇ | ၁၄၇၄ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)မည်သည့် ပညာရပ်ကိုမဆို သင်လျှင် တတ်လွယ်သူ ဖြစ်၏။

(၂)မည်သည့် လုပ်ငန်းကို လုပ်ရသည် ဖြစ်စေ ကျေနပ်ခြင်းမရှိဘဲ ပြောင်းလဲ လုပ်ကိုင်တတ်၏။ ထို့ကြောင့် အလုပ်အမျိုးမျိုးကို ပြောင်းလဲ လုပ်ကိုင်တတ်၏။

(၃)ဘဝတွင် အသက်အန္တရာယ် နီးကပ်သော ဘေးဥပါဒ်များ ကြုံတွေ့ရတတ်သည် ။ (ကားမှောက်၊ ရေနစ်၊ အမြင့်မှ ကျ)

(၄)လောဘကြီးခြင်း၊ မာနကြီးခြင်းတို့ ကြောင့် လုပ်သမျှ အလုပ်များ ပျက်စီးတတ်၏။

(၅)မည်သည့် အလုပ်ကို လုပ်ရသည် ဖြစ်စေ၊ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အခက်အခဲများ တွေ့ရတတ်၏။ ထိုသို့ တွေ့ရသည့် အခါ၌ မုချ အောင်မြင်ရမည်ဟု သဘောပေါက်ပါလေ။

(၆)မည်သည့် ဖြတ်လမ်း စီးပွားရေးကိုမျှ မလုပ်ပါနှင့် ။ အကျိုးမပေးပါ။

(၇)အလုပ်တစ်ခုခုကို စောက်ချလုပ်ကိုင်ပါက မုချအောင်မြင်လိမ့်မည်။

(၈)အနေအထိုင် ပိပိရိရိရှိပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို ဆက်ဆံတတ်ပါက လွန်စွာ အကျိုးပေးလိမ့်မည်။

(၉)ခရီးသွားရာတွင် အဖော်မပါဘဲ မသွားတတ်ပေ။ အဖော်သည် ကောင်းကျိုးပေးသူ ရှိသကဲ့သို့ ဆိုးကျိုးပေးသူရှိသည် ကို သတိပြုပါလေ။

(၁၀)ဝါဆိုလ၊ သီတင်းကျွတ်လတို့ ၌ စတင် လုပ်ကိုင်သော အလုပ်များ ပျက်စီးတတ်ပါသည် ။

(၁၁)နယုန်လ၊ တော်သလင်းလတို့ ၌ စတင် လုပ်ကိုင်သော အလုပ်များ အောင်မြင်တတ်ပါသည် ။

(၁၂)နှလုံးရောဂါ၊ အကြောနှင့် ပတ်သက်သော ရောဂါ၊ လေနာရောဂါတို့ ဖြစ်တတ်သည့် အပြင် အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်များ ကျွတ်တတ်ပါသည် ။

(၁၃)ထိုသက္ကရာဇ်တွင် မွေးဖွားသော အမျိုးသမီးများ သည် သိုက်စွဲလိုလို၊ နတ်စွဲလိုလို၊ ပယောဂလိုလို ရောဂါမျိုးများ ဖြစ်တတ်ပါသည် ။ ထို့ပြင် သွေးလုံး၊ လေလုံးရှိသော ရောဂါများ လည်း ဖြစ်တတ်ပါသည် ။

(၁၄)အကြံပေးလိုသည် မှာ လောဘစိတ်၊ မာနစိတ်များ မထားဘဲ အစစအရာရာတွင် သည်းခံတတ်ပါက မုချ ချမ်းသာပေလိမ့်မည်။

(၁၅)တစ်ခု သိထားရမည်မှာ ကံဇာတာညံ့သော နှစ်များ တွင် အိမ်ထောင် ပြိုကွဲတတ်ပါသည် ။

(၁၆)အဆောင်အဖြစ် ကျောက်မျက်ရတနာကို ဝတ်ဆင်လိုပါက ဥ

သသဖလား၊ စိန်၊ ဂေါမုတ်တို့ ကို ဝတ်ဆင်ရမည်။ သင့်တင့်သော အရောင်မှာ အဖြူရောင်၊ အနီရောင်၊ အညိုရောင်များ ဖြစ်သည် ။

(၁၇)သင့်တင့်သော အလုပ်မှ စစ်၊ စက်၊ ဆေးလုပ်ငန်းများ ၊ ကုန်သည် လုပ်ငန်းများ ၊ အုပ်ချုပ်ရေး လုပ်ငန်းများ ဖြစ်သည် ။

(၁၈)စီးပွားတက်သော အချိန်တွင် လုပ်ငန်းခွဲများ လုပ်တတ်သည် ။ မလုပ်ပါနဲ့ ။

(၁၉)ဤခုနှစ်တွင် မွေးဖွားသော လူများ အနေဖြင့် ထာဝရဆောင်ရမည့် လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်၊ သပြေ(၆)ညွန့်၊ အုန်း(၁)ညွန့်

တနင်္လာ သားသမီးများ အတွက် - သပြေ(၆)ညွန့်၊ စံပယ်(၃)ကုံး၊ ကံ့ကော်(၂)ညွန့်

အင်္ဂါ သားသမီးများ အတွက် - အုန်း(၁)ညွန့်၊ စံပယ်(၃)ကုံး

ဗုဒ္ဓဟူး သားသမီးများ အတွက် - အုန်း(၁)ညွန့်၊ ကြာပန်း(၂)ပွင့်၊

ကြာသပတေး သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်၊ သပြေ(၆)ညွန့်၊ စံပယ်(၃)ကုံး

သောကြာ သားသမီးများ အတွက် - စံပယ်(၃)ကုံး၊ သီဟိုဠ် (၆)ညွန့်

စနေ သားသမီးများ အတွက် - အုန်း(၁)ညွန့်

(၂၀)တစ်သက်လုံးအတွက် ဘုရားကိုးကွယ်လိုပါက ဓာင်းသား၊ ဇီး သား၊ ညောင်သား တစ်ခုခုကို ဘုရားထုပါ။ ရှင်သီဝလိပုံတော်အား အင် သားဖြင့် ထုလုပ်ပါ။ ရှင်ဥပဂုတ္တပုံတော်အား ကံ့ကော်သားထုပါ။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၆ | ၁၂၉၃ | ၁၃၀၀ | ၁၃၀၇ | ၁၃၁၄ | ၁၃၂၁ | ၁၃၂၈ |
| ၁၃၃၅ | ၁၃၄၂ | ၁၃၄၉ | ၁၃၅၆ | ၁၃၆၃ | ၁၃၇၀ | ၁၃၇၇ |
| ၁၃၈၄ | ၁၃၉၁ | ၁၃၉၈ | ၁၄၀၅ | ၁၄၁၂ | ၁၄၁၉ | ၁၄၂၆ |
| ၁၄၃၃ | ၁၄၄၀ | ၁၄၄၇ | ၁၄၅၄ | ၁၄၆၁ | ၁၄၆၈ | ၁၄၇၅ |

အထက်ပါ သက္ကရာဇ် တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့ သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)အိမ်ထောင် မတည်မြဲခြင်း။

(၂)အိမ်ထောင်ဘက်နှင့် လည်းကောင်း၊ အိမ်ထောင်ဘက်၏ အသိုင်း အဝိုင်းနှင့် လည်းကောင်း၊ မကြာခဏ မသင့်မြတ်ဖြစ်ခြင်း။

(၃)မိသားစုနှင့် ခွဲခွာ၍ ရပ်ဝေးတွင် စီးပွားရှာဖွေရတတ်ခြင်း။

(၄)အစိုးရရုံးဌာနတို့ တွင် အကြီးအကဲရာထူး ရတတ်ခြင်း။

(၅)အိမ်ထောင်ရေး၌ လည်းကောင်း၊ သားရေး၊ သမီးရေး၌ လည်းကောင်း အထင်လွဲစရာ၊ ဂုဏ်သိက္ခာ ကျစရာများ ကြုံတတ်ခြင်း။

(၆)သားသမီး သုံးယောက်ထိသာ ရတတ်၏။ အကယ်၍ ပို၍ ရပါကလည်း သားသမီးကို အကြောင်းပြုသော စိတ်ရောဂါများ ၊ ပူပင်စရာများ တွေ့ကြုံရတတ်၏။

(၇)အိမ်ထောင်ဘက်သည် ကပြားမျက်နှာမျိုး၊ လူမျိုးခြား မျက်နှာမျိုး ဖြစ်တတ်၏။

(၈)အတွေးအခေါ်နက်နဲ၍ ဖြတ်ထိုးဉာဏ် ကောင်းသူများ ဖြစ်တတ်၏။ ပညာကို ပြီးဆုံးအောင် သင်ယူရတတ်၏။

(၉)မကြာခဏ ထိပေါက်တတ်၏။

(၁၀)ငွေကြေး၊ ဥစ္စာကို မရရအောင် ရှာဖွေနိုင်သော စွမ်းအင်ရှိ၏။

(၁၁)တနင်္ဂနွေ၊ တနင်္လာမုန်းလ၌ စတင်၍ လုပ်သော အလုပ်များ ပျက်စီးတတ်သည် ကို သတိပြုပါလေ။

(၁၂)ဝါဆိုလ၊ တပို့တွဲလတို့ တွင် စတင်၍ လုပ်သောအလုပ်များ အောင်မြင်တတ်သည် ကို သတိပြုပါလေ။

(၁၃)ကျောက်မျက်ရတနာကို အဆောင်အဖြစ် ဆောင်လိုပါက ပုလဲ၊ ဂေါမုတ်၊ စိန်။ သင့်တော်သော အဝတ်အစားအရောင်မှာ အစိမ်းရောင်၊ အဖြူရောင်တို့ ဖြစ်၏။

(၁၄)ထာဝရ ကိုးကွယ်ရမည့် ဘုရားကို လင်းလွန်းသားဖြင့် ထုပါ။ ရှင်သီဝလိပုံတော်ကို ကံ့ကော်သားဖြင့် ထုပါ။ ရှင်ဥပဂုတ္တပုံတော်ကို ညော

င်သား၊ ဇီးသား၊ စစ်သားဖြင့် ထုပါ။

(၁၅)ဤခုနှစ်တွင် ဖွားသော သူများ သည် အိမ်အပြင်ဘက်တွင် အလွန်အဆင်ပြေ၍ အိမ်တွင်း၌ အဆင်မပြေပေ။

(၁၆)ဤခုနှစ်တွင် ဖွားသူများ သည် ကုန်သည် လေးအလုပ်၊ စစ်၊ စက်၊ ဆေးအလုပ်၊ အနုပညာ၊ အလှပညာ အလုပ်များ အကျိုးပေး၏။

(၁၇)ဤခုနှစ်ဖွားများ သည် ယောကျ်ားဖြစ်ပါက ဦးနှောက်ရောဂါ၊ မိန်းမဖြစ်က မီးယပ်ရောဂါ၊ သားအိမ်ရောဂါများ ဖြစ်ပွားတတ်သည် ။

(၁၈)အိမ်ထောင်ရေးတွင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးတို့ နှင့် ကျသော် သင့်တော်၏။ များ သောအားဖြင့် စိတ်တူ၊ ကိုယ်တူ၊ အိမ်ထောင်ဘက်များ ရနိုင်ခဲ၏။ လူမျိုးခွဲ၊ ဘာသာခွဲများ ဖြစ်တတ်၏။ သတိပြုပါ။

(၁၉)ဤခုနှစ်တွင် မွေးဖွားသော လူများ အနေဖြင့် ထာဝရဆောင်ရမည့် လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်

တနင်္လာ သားသမီးများ အတွက် - စံပယ်(၃) ကုံး၊ နှင်းဆီအဖြူရောင်(သို့) ပန်းရောင်(၇)ပွင့်၊ ကံ့ကော် (၂)ညွန့်

အင်္ဂါ သားသမီးများ အတွက် - နှင်းဆီအနီရောင်(၇)ပွင့်၊ ရွက်လှ(၄)ညွှန့်၊ စံပယ်(၃)ကုံး

ဗုဒ္ဓဟူး သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်၊ ရွက်လှ(၄)ညွှန့်

ကြာသပတေး သားသမီးများ အတွက် - ကြာပန်း(၂)ပွင့်၊ စံပယ်(၃)

ကုံး

သောကြာ သားသမီးများ အတွက် - စံပယ်(၃)ကုံး၊ နှင်းဆီအဖြူရောင်(သို့) ပန်းရောင်(၇)ပွင့်၊ ရွှက်လှ(၄)ညွှန့်

စနေ သားသမီးများ အတွက် - ရွှက်လှ(၄)ညွှန့်၊ နှင်းဆီအနီရောင် (၇)ပွင့်။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၇ | ၁၂၉၄ | ၁၃၀၁ | ၁၃၀၈ | ၁၃၁၅ | ၁၃၂၂ | ၁၃၂၉ |
| ၁၃၃၆ | ၁၃၄၃ | ၁၃၅၀ | ၁၃၅၇ | ၁၃၆၄ | ၁၃၇၁ | ၁၃၇၈ |
| ၁၃၈၅ | ၁၃၉၂ | ၁၃၉၉ | ၁၄၀၆ | ၁၄၁၃ | ၁၄၂၀ | ၁၄၂၇ |
| ၁၄၃၄ | ၁၄၄၁ | ၁၄၄၈ | ၁၄၅၅ | ၁၄၆၂ | ၁၄၆၉ | ၁၄၇၆ |

အထက်ပါ သက္ကရာဇ် တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)ဤသက္ကရာဇ်တွင် မွေးဖွားသော ယောကျ်ား၊ မိန်းမမဟူ ဘဝအော

စပိုင်းတွင် ခက်ခဲကြမ်းတမ်းစွာ ဖြတ်ကျော်ရပေမည်။ မိဘ၊ ဆွေမျိုးသား ချင်းများ နှင့် ခွဲခွာ၍ နေရတတ်သည် ။

(၂)ဘဝအစပိုင်း ခက်ခဲကြမ်းတမ်းပြီး အိုဇာတာတွင် အလွန်ကောင်း သူများ ဖြစ်သည် ။

(၃)ဤခုနှစ်ဖွားသူများ သည် အသက်တစ်နှစ်ကြီးလေ တစ်နှစ်ပို၍ ကောင်းသူများ ဖြစ်သည် ဟု ဆိုရပေလိမ့်မည်။

(၄)ဝင်ငွေ အလွန်ကောင်းပြီး ငွေကြေး ကုန်ကျမှုသည် များ သူများ ဖြစ်တတ်၏။

(၅)ဤခုနှစ်ဖွား သူများ သည် အချစ်ရေး၊ အိမ်ထောင်ရေး ကံဆိုးသူ များ ဖြစ်တတ်၏။

(၆)စိတ်ကူး၊ စိတ်သန်း အလွန်ကောင်းသူများ ဖြစ်တတ်၏။ ကျော်ကြားသော စာရေးဆရာများ ၊ ရုပ်ရှင်ဒါရိုက်တာများ သည် ဤခုန စ်ဖွားသူများ ဖြစ်တတ်၏။

(၇)ဤခုနှစ်ဖွားသူများ သည် ၎င်းတို့ ၏ စိတ်ထဲတွင် ရှိသည် ကတစ် မျိုး၊ ပါးစပ်က ပြောသည် က တစ်မျိုး ဖြစ်တတ်၏။

(၈)အဝတ်အစားကို အချိုးကျကျ ဝတ်လေ့မရှိပေ။ ပိုသည် ပတ်သည် ဝတ်တတ်၏။

(၉)ဤခုနှစ်ဖွား မိန်းမများ သည် သီလရှင်ဖြစ်ပြီးမှ သေဆုံးတတ်၏။

(၁၀)ဤခုနှစ်ဖွားများ သည် ဆရာအလုပ်၊ စစ်၊ စက်၊ ဆေးအလုပ်၊ အနုပညာ၊ အလုပညာ အလုပ်များ နှင့် အကျိုးပေး၏။

(၁၁)ဤခုနှစ်ဖွားများ အဖို့ ထာဝရ ကိုးကွယ်ရမည့် ဘုရားကို ပေါက်

သားဖြင့် ထုလုပ်၍ ရှင်သီဝလိကို ညောင်သားဖြင့် ထုလုပ်ပြီး ရှင်ဥပဂုတ္တာကို လင်းလွန်းသားဖြင့် ထုလုပ် ကိုးကွယ်သင့်ပါသည် ။

(၁၂)ကျောက်မျက်ရတနာကို အဆောင်အဖြစ် ဆောင်လိုပါက ပုလဲကို ဆောင်သင့်၏။ ပတ္တမြားနှင့် မြကို ဆောင်သင့်၏။ သင့်တင့်သော အရောင်မှာ အဝါနုရောင်များ ၊ ရွှေရောင်များ ၊ အစိမ်းရောင်များ ဖြစ်ပါသည် ။

(၁၃)ဖြစ်တတ်သော ရောဂါများမှာ အကြောရောဂါ၊ သွားရောဂါ၊ ရင်ကျပ်သောရောဂါ၊ အနားမယူဘဲ အလုပ်လွန်စွာ လုပ်သောကြောင့် ပင်ပန်းသောရောဂါ။

(၁၄)အောင်မြင် ကျော်ကြားခြင်း ဖြစ်တတ်၏။

(၁၅)ဤခုနှစ်ဖွားများ သည် တစ်စုံတစ်ရာကို လျှို့ဝှက်မျိုသိပ်၍ ထားတတ်သော သဘာဝရှိ၏။

(၁၆)ဤခုနှစ်တွင် မွေးဖွားသော လူများ အနေဖြင့် ထာဝရဆောင်ရမည့် လှူဒါန်းရမည့် ပန်းမြတ်မာလာအဆောင် ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - မေမြို့ (၅)ပွင့်၊ အုန်းညွန့် (၁)ညွန့်

တနင်္လာ သားသမီးများ အတွက် - စံပယ် (၃)ကုံး

အင်္ဂါ သားသမီးများ အတွက် - ရွက်လှ(၄)ညွန့်၊ အုန်းညွန့် (၁)ညွန့်၊ စံပယ် (၃)ကုံး

ဗုဒ္ဓဟူး သားသမီးများ အတွက် - အုန်းညွန့် (၁)ညွန့်၊ မေမြို့ (၅)ပွင့်၊

ရွက်လှ (၄)ညွှန့်

ကြာသပတေး သားသမီးများ အတွက် - စံပယ် (၃)ကိုး၊ မေမြို့ (၅)ပွင့်

သောကြာ သားသမီးများ အတွက် - စံပယ် (၃)ကိုး၊ ရွက်လှ (၄)ညွှန့်

စနေ သားသမီးများ အတွက် - ရွက်လှ (၄)ညွှန့်၊ အုန်းညွှန့် (၁)ညွှန့်၊ မေမြို့ (၅)ပွင့်။

***

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၈၈ | ၁၂၉၅ | ၁၃၀၂ | ၁၃၀၉ | ၁၃၁၆ | ၁၃၂၃ | ၁၃၃၀ |
| ၁၃၃၇ | ၁၃၄၄ | ၁၃၅၁ | ၁၃၅၈ | ၁၃၆၅ | ၁၃၇၂ | ၁၃၇၉ |
| ၁၃၈၆ | ၁၃၉၃ | ၁၄၀၀ | ၁၄၀၇ | ၁၄၁၄ | ၁၄၂၁ | ၁၄၂၈ |
| ၁၄၃၅ | ၁၄၄၂ | ၁၄၄၉ | ၁၄၅၆ | ၁၄၆၃ | ၁၄၇၀ | ၁၄၇၇ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူသည် မည်သည့် နေ့

သားမဆို အောက်ပါ ဟောချက်များ နှင့် အကျုံးဝင်၏။

(၁)စိတ်အပြောင်းလဲ မြန်ဆန်၏။ သနားလွယ်၏။ သို့ရာတွင် ရက်စက်စွာ ပြုမူရမည့် ကိစ္စ၌ လည်း လွန်စွာမှ ရက်စက်တတ်၏။ ဘဝတွင် အမှုချုပ်၊ ထောင်၊ ဂတ် တစ်ကြိမ် ကြုံတတ်၏။

(၂)ဤခုနှစ်တွင် မွေးဖွားသော အမျိုးသမီးဖြစ်ပါက ရည်းစားဦး လွဲတတ်သည် ။ အိမ်ထောင် တစ်ဆက်တည်းနှင့် မမြဲတတ်ပါ။

မိမိထက် အသက်ကြီးသူများ ၊ မလွတ်လပ်သော ယောကျ်ားများ နှင့် နီးစပ်စွာ မနေပါနှင့် ဟု အကြံပေးလိုပါသည် ။

(၃)အလုပ်လုပ်ပါကလည်း အထက်လူကြီးများ ၏ အကူအညီအမစ ကို များ စွာ ရတတ်၏။

(၄)ပါးစပ်မှ အမှတ်တမဲ့ ပြောလိုက်သော စကားများ သည် အံ့သြဖွယ်ရာ မှန်နေသည် ကို မကြာခဏ တွေ့ကြုံရတတ်၏။

(၅)တစ်စုံတစ်ခုသော အခက်အခဲ၊ အနှောင့်အယှက်ကို စိတ်စွမ်းအင်ဖြင့် ကြိုတင်သိနေ၏။

(၆)စီးပွားရေး အကျပ်တည်း တွေ့ချိန်၌ ကူညီမည့် သူ ရုတ်တရက် ပေါ်ပေါက်လာတတ်၏။

(၇)စကားပြောသောအခါ၌ ယုတ္တိရှိအောင် ချဲ့ကား ပြောဆိုတတ်၏။

(၈)နယုန်လ၊ ပြာသိုလတို့ တွင် စတင်လုပ်ကိုင်သော အလုပ်များ ပျက်စီးသွားတတ်၏။

(၉)တော်သလင်းလ၊ ကဆုန်လတို့ ၌ စတင်လုပ်ကိုင်သော အလုပ်များ အောင်မြင်တတ်၏။

(၁၀)နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဇက်ကြော နောက်ကြော တက်သောရောဂါ၊ စိတ္တဇဆန်သော ပယောဂဆန်သော ရောဂါများ ဖြစ်ပေါ်တတ်၏။

(၁၁)ဘဝတွင် ကုန်သည် ကြီးအလုပ်၊ အနုပညာအလုပ်၊ အလှပညာအလုပ်၊ ဆရာအလုပ်များ အလွန် အကျိုးပေးတတ်သည် ။

(၁၂)တစ်သက်တာအတွက် ပူဇော်ရန် ဘုရားကို သီးသားဖြင့်ထု၍ ရှင်သီဝလိကို လင်းလွန်းသားဖြင့် ထုပြီး ရှင်ဥပဂုတ္တကို ပေါက်သားဖြင့် ထုလုပ် ကိုးကွယ်ပါလေ။

(၁၃)အိမ်ထောင်ရေးမှာ သင့်တင့်သော အရွယ်တွင် အိမ်ထောင် ကျတတ်ပါသည် ။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့ သားသမီးများ နှင့် အိမ်ထောင်ကျလျှင် အလွန် သင့်မြတ်ပါသည် ။

(၁၄)ကျောက်မျက်ရတနာများကို အဆောင်အဖြစ် ဝတ်ဆင်လိုပါက သန္တာကျောက်၊ ပုလဲ၊ မြ တို့ သည် လွန်စွာ သင့်တော်၏။

(၁၅)ဤခုနှစ်တွင် မွေးဖွားသော လူများ အနေဖြင့် ထာဝရဆောင်ရမည့် လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေ သားသမီးများ အတွက် - မေမြို့ (၅)ပွင့်၊ ကြာပန်း (၂)ပွင့်၊ သပြေ (၆)ညွန့်

တနင်္လာ သားသမီးများ အတွက် - သပြေ (၆)ညွန့်၊ ကံ့ကော် (၂)ညွန့်

အင်္ဂါသား သမီးများ အတွက် - ရွှက်လှ(၄)ညွန့်

ဗုဒ္ဓဟူး သားသမီးများ အတွက် - မေမြို့ (၅)ပွင့်၊ ကြာပန်း (၂)ပွင့်၊ ရွှက်လှ (၄)ညွန့်

ကြာသပတေး သားသမီးများ အတွက် - ရွှက်လှ(၄) ညွန့်၊ မေမြို့(၅) ပွင့်

သောကြာ သားသမီးများ အတွက် - ရွှက်လှ (၄) ညွန့်၊ သီဟိုဠ် (၆) ညွန့်

စနေ သားသမီးများ အတွက် - ကြာပန်း (၂) ပွင့်၊ သပြေ (၆) ညွန့်၊ မေမြို့ (၅)ပွင့်

(၁၆)စကားကျယ်လောင်စွာ ပြောတတ်သော အကျင့်ရှိပါက ပြုပြင်လိုက်။ ချမ်းသာလိမ့်မည်။

(၁၇)ဤသက္ကရာဇ် မွေးသူများ သည် အသက်ကလေး နည်းနည်းကြီးလာလျှင် တရားစကား အလွန်ပြောတတ်၏။ ဤသို့မဖြစ်ရန် ဂရုစိုက်ပါ။ ဤသို့ဖြစ်လျှင် လူကဲ့ရဲ့ စရာ ဖြစ်တတ်၏။ ဤသို့မဖြစ်လျှင် လူလေးစားစရာ ဖြစ်မည်။

***

-သင့်ဘဝတစ်သက်တာ အတွက် လွန်စွာမှ တိကျမှန်ကန်သော

ဟောစာတမ်း ဖြစ်ပါတယ်။

-သင့်ဘဝ၏ အခက်အခဲများကို ကြိုတင်သိရှိပြီး ကုစားဖြေရှင်းနိုင်စေရန် အတွက် မင်းသိခ်ဆိုသည့် လူသား တစ်ဦး တွက်ချက်စီရင် ရေးသားပေးထားပါတယ်။

-ကျွန်ုပ်ကိုယ်တိုင် မရှိတော့သည့် နောက်ပိုင်း ကျွန်ုပ်၏ ဝိညာဉ်သည် သင်တို့ အနားမှာ တဝဲလည်လည်ဖြင့် သင်တို့ ၏ အခက်အခဲများကို ကုစား ဖြေရှင်း ပေးနေဦးမှာ ပါ။

**သဗ္ဗေသတ္တာကမ္မသကာ**
**မင်းသိခ်**

***

# တနင်္ဂနွေ သားသမီးများ

# အတွက်



ဆရာကြီး မင်းသိင်္ခ၏

တဘဝတစ်သက်တာ

ဟောစာတမ်း နှင့် ယတြာ

**တနင်္ဂနွေသားသမီး**
**များအတွက် ဟောစာတမ်း**

၆၅ ၅၄ ၄၃
———
၃၂ ၂၁ ၁၀ ၀၆

[illegible]

(တနင်္ဂနွေသက်ရောက်)

အသက် ၁နှစ်၊ ၉နှစ်၊ ၁၇နှစ်၊ ၂၅နှစ်၊ ၃၃နှစ်၊ ၄၁နှစ်၊ ၄၉နှစ်၊ ၅၇နှစ်၊ ၆၅နှစ်၊ ၇၃နှစ်၊ ၈၁နှစ်၊ ၈၉နှစ်၊ ၉၇နှစ်၊ ၁၀၅နှစ် အတွက်

**အသက် (၁နှစ်၊ ၉နှစ်၊ ၁၇နှစ်၊ ၂၅နှစ်၊ ၃၃နှစ်၊ ၄၁နှစ်၊ ၄၉နှစ်၊ ၅၇နှစ်၊ ၆၅နှစ်၊ ၇၃နှစ်၊ ၈၁နှစ်၊ ၈၉နှစ်၊ ၉၇နှစ်၊ ၁၀၅နှစ်) အတွက်**

သင်ဒီနှစ်ထဲမှာ အိုးပိုင်၊ အိမ်ပိုင်မရှိသေးရင် အိုးပိုင်၊ အိမ်ပိုင် ရတတ်ပါတယ်။ ဒါမှ မဟုတ် ရင်လည်း အိမ်နေရာ ပြောင်းရွှေ့ရတတ်ပါသည် ။

လုပ်ငန်းတိုးတက်ခြင်း၊ ရာထူးတိုးတက်ခြင်းမျိုး ကြုံတွေ့ရပါလိမ့်မယ်။ ခါတိုင်းနှစ်နဲ့ မတူဘဲ သင်သည် သင့်ရဲ့ ပတ်ဝန်းကျင်မှာ တန်ခိုးဩဇာတွေ မြင့်တက်လာမယ်။ ကောင်းသော ဂုဏ်သတင်းတွေနဲ့ ကျော်ကြားလာမယ်။ ပျော်စရာကောင်းတဲ့ အလုပ်တွေကိုလည်း လုပ်ရပါလိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့ လူဆိုလျှင် လုပ်ငန်းတွေ တိုးချဲ့ရပါလိမ့်မည်။ လုပ်ငန်းမှာ နေရာကောင်းတွေ ရတတ်ပါလိမ့်မယ်။

ဘုရားဖူးထွက်တာမျိုး၊ အလှူအတန်း ကိစ္စအတွက် ခရီးထွက်တာမျိုး ကြုံရတတ်ပါသည် ။ ရပ်ဝေးခရီး နိုင်ငံခြားခရီး သွားရတာမျိုးလည်း ကြုံတွေ့ရတတ်ပါတယ်။

သင်ပိုင်သော ပစ္စည်းတွေကိုတော့ သတိထားပြီး သိမ်းဆည်းပါ။ ဒီနှစ်မှာ သူခိုး ခိုးခံရတတ်ပါတယ်။ အလုပ်အကိုင် ကောင်းတယ် ဆိုပေမယ့် အ လု ပ် မှ ာ အတိုက်အခံတော့ ရှိတယ်။ မိမိအထက်လူကြီးက မိမိအပေါ်မှာ အထင်လွဲတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလိုကံကောင်းတဲ့ နှစ်မျိုးမှာ သူများ လာအပ်တဲ့ ပစ္စည်းဟောင်းတွေ၊ အဖိုးမတန်တဲ့ ကျောက်မျက်ရတနာတွေကို လက်မခံသင့်ပါ။ လက်ခံလိုက်ပါက လာဘ်တိတ် သွားမယ်။

ရှင်သီဝလိပုံတော်တွေ၊ ဘုရားဆင်းတုတော်တွေ၊ ဓာတ်တော်တွေ အိမ်ကို ကြွလာတတ်တယ်။ ဒီလိုနှစ်ပိုင်းမှာ အမျိုးသားများ ဆိုလျှင် ဒုလ္လဘရဟန်း ဝတ်ရလိမ့်မယ်။

လူမျိုးခြား ဘာသာခြားတွေ မစတတ်ပါတယ်။ တစ်ခု သတိထားရမှာ ကတော့ မုဆိုးမဩ့သည် ညအိပ်လက်ခံမိလျှင် မမျှော်လင့်ဘဲ အမှုဖြစ်တတ်ပါတယ်။

အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးက အထင်လွဲပြီး မုန်းသွားတတ်တယ်။

မျက်နှာမှာ အဖုအပိမ့် အနာလေးတွေ ဖြစ်တတ်ပါတယ်။ ဘာမှဆေးမလိမ်းပါနဲ့ ။ ဆေးလိမ်းရင် ပွားလာလိမ့်မယ်။ အပူလောင်တတ်တယ်။ ရေနွေးအပူတို့ ၊ မီးအပူတို့ ၊ လျှပ်စစ်တွေကိုင်ရင် သတိထားပါ။

ခြေထောက်မျက်တက်၊ နာတတ်ပါတယ်။

ဆွေမျိုးအကြီးအကဲတစ်ဦး နေထိုင်မကောင်း အကြီးအကျယ် ဖြစ်တတ်ပါတယ်။

ကားရှိရင်တော့ ရပ်တဲ့ အခါ သတိထားပါ။ သူများကားက ပွတ်တိုက်သွားခြင်း၊ ချိတ်သွားခြင်း၊ ကြုံတွေ့ရတတ်ပါတယ်။

ငွေတွေကတော့ ဒလဟော ဝင်နေလိမ့်မယ်။ ထွက်တာတွေကလည်း အရမ်း ထွက်နေလိမ့်မယ်။ တစ်ခု သတိထားရမှာ က အိမ်ကို ဆရာအတု အယောင်တွေ ရောက်လာတတ်တယ်။ စက်တွေဘာတွေ ဝယ်မယ်ဆိုရင်လည်း သတိထားပါ။ ကြည့်တုန်းကတော့ အကောင်းပဲ ကိုယ့်လက်ထဲရောက်မှ အပျက်ဖြစ်နေတတ်တယ်။ နားလည်တဲ့ သူကို ပြပြီးဝယ်တာ အကောင်းဆုံးပါပဲ။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ သင့်အဖို့ ကံကောင်းတဲ့ နှစ်လို့ ယူဆပါ။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်ရလိမ့်မယ်။ အကြံကောင်းတစ်ခု ပေးချင်တာကတော့ မကြာမကြာ သက်သတ်လွတ်စားပေးပါ။


အိုးပိုင်အိမ်ပိုင် မရှိသေးရင်တော့ ဒီအသက်ပိုင်းမှာ အိုးအိမ်တိုက်တာ အဆောက်အဦတွေ ပိုင်ဆိုင်ရတော့မယ်။ အိမ်နေရာ၊ အလုပ်နေရာ ပြောင်းရွှေ့ ရတာမျိုးလည်း ကြုံတတ်တယ်။ လုပ်ငန်းမှာ ရာထူးတိုးတက်တာ မုချကြုံတွေ့လာလိမ့်မယ်။ ဒီအသက်ပိုင်းမှာ စီးပွားလည်း တက်တတ်ပါတယ်။ လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင် ရတာမျိုးလည်း ကြုံရပါလိမ့်မယ်။

ယတြာ

မိတ်ဆွေ . . . ဒီနှစ်အဖို့ ကောင်းတယ် ဆိုပေမယ့် အညံ့လေးတွေတော့ နည်းနည်းပါးပါးတော့ ရှိတာပေါ့ဗျာ။ အဲဒီအညံ့တွေအတွက် ယတြာဆိုတာတော့ လိုတာပေါ့ဗျာ။

မကြာမကြာ အဓိဋ္ဌာန်ပြုပြီး သက်သတ်လွတ် စားပေးပါ။ ဗုဒ္ဓဟူးနေ့တိုင်း ရှောက်သီးသုပ် ဆွမ်းတော် ကပ်ပေးပါ။ တနင်္ဂနွေနေ့ ညနေတိုင်း စေတီတော်တစ်ဆူရဲ့ တနင်္ဂနွေထောင့်မှာ မီးသက်စေ့ ပူဇော်ပေးပါ။ ဘဲသားကို အုန်းနို့နဲ့ ချက်၊ လေးဆင့်ချိုင့်နဲ့ ထည့်ပြီး ဘုန်းကြီးကျောင်းကို ပို့ပါ။ အဲဒါကိုလည်း ဗုဒ္ဓဟူးနေ့မှာ လုပ်ပါ။ သင်ကြုံတွေ့ရမယ့် အညံ့တွေ ပြေပျောက် သွားပါလိမ့်မယ်။

***


တနင်္ဂနွေသားသမီး
များအတွက် ယောစာတမ်း
(တနင်္ဂသက်ရောက်)
အသက် ၂နှစ်၊ ၁၀နှစ်၊ ၁၈နှစ်၊ ၂၆နှစ်၊ ၃၄နှစ်၊ ၄၂နှစ်၊ ၅၀နှစ်၊
၅၈နှစ်၊ ၆၆နှစ်၊ ၇၄နှစ်၊ ၈၂နှစ်၊ ၉၀နှစ်၊ ၉၈နှစ်၊ ၁၀၆နှစ် အတွက်

အသက် (၂နှစ်၊ ၁၀နှစ်၊ ၁၈နှစ်၊ ၂၆နှစ်၊ ၃၄နှစ်၊ ၄၂နှစ်၊ ၅၀နှစ်၊ ၅၈နှစ်၊ ၆၆နှစ်၊ ၇၄နှစ်၊ ၈၂နှစ်၊ ၉၀နှစ်၊ ၉၈နှစ်၊ ၁၀၆နှစ်) အတွက်

သင် ဒီနှစ်ထဲမှာ မမျှော်လင့်ဘဲ ရုတ်တရက် ငွေတွေ ဝင်လာတတ်တယ်။ အမွေတွေဘာတွေ ရစရာရှိရင် ဒီနှစ်ထဲမှာ ရတတ်တာပေါ့။ ငွေလည်း စုဆောင်းမိနိုင်တာပေါ့။ တစ်ခုပဲ သတိထားရမယ်။ တစ်ချီထဲ အပွကြံတာမျိုးတော့ မလုပ်နဲ့ ။ လုပ်ရင်တော့ မကောင်းဘူးပေါ့၊ ထီတွေဘာတွေလည်း ပေါက်တတ်ပါတယ်။ ဝါသနာပါရင် တနင်္လာနေ့(၁၁) နာရီတိတိမှာ ရှေ့က (၇၇)နှစ်လုံးပူးတဲ့ ထီမျိုးထိုးရမယ်။

အိမ်ထောင်ရှိတဲ့ လူများကတော့ သတိထားရပါမယ်။ ဘာဖြစ်လို့ လဲဆိုတော့ ဒီနှစ်ဟာ မျက်နှာပွင့်တယ်။ လာဘ်လာဘလည်း အလွန်ရှင်မယ်။ လူအနေနဲ့ ကလည်း ဒီနှစ်ထဲမှာ အောင်မြင်တတ်ပါတယ်။

အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။

လခစား အလုပ် ဆိုရင်တော့ ဒီနှစ်ထဲမှာ ထွက်ချင်စိတ် ပေါ်တတ်ပါတယ်။ မထွက်သင့်သေးပါ။

သားသမီးရှိရင် သားသမီးအတွက် စိတ်သောက ရောက်ရတတ်ပါတယ်။ မမျှော်လင့်ဘဲ အိမ်မှာ အလှူလုပ်ဖြစ်လိမ့်မယ်။ လုပ်တော့လည်း သေးသေးလုပ်မယ်ဆိုပြီး ကြီးသွားတတ်ပါတယ်။ ကောင်းပါတယ်။

ဆရာသမားလို ပုဂ္ဂိုလ်မျိုး အိမ်ကိုရောက် လာပြီး ဒုက္ခပေးတတ်ပါတယ်။ ဒီနှစ်မှာ အရင်အရင့်က ကိုယ်နဲ့ မသင့်မြတ်သူတွေနဲ့ ပြန်လည်သင့်မြတ်တတ်ပါတယ်။ ဒါကကောင်းတဲ့ အချက်ပါပဲ။

အတော့်ကို ကောင်းတဲ့ နှစ်လို့ ဆိုရမှာ ပါ။ ဆင်းရဲမွဲတေ နေသူတွေတောင် ဒီလိုနှစ်မျိုး ရောက်တဲ့ အခါ အိမ်ပိုင်၊ ကားပိုင်တွေ ဖြစ်သွားတော့တာပါပဲ။

ဒီနှစ်မျိုးဟာ ခြေထောက်မှာ ဖွေပါတာမျိုးပေါ့။ မကြာခဏ ခရီး ထွ

က်ရတတ်ပါတယ်။

ရာထူးတွေ ဘာတွေ တက်တာလည်း ဒီနှစ်မျိုးမှာ တက်တာပါပဲ။

နောက်တစ်ခုက ဒီနှစ်မှာ ဘာတွေပဲဖြစ်ဖြစ်၊ ဘာတွေပဲကြုံကြုံ၊ နှစ်ခါနှစ်ခါ ဖြစ်တတ်တဲ့ သဘောရှိတယ်။

အိမ်မှာ အရွယ်ရောက်ပြီးတဲ့ ယောကျာ်းလေး၊ မိန်းကလေးရှိရင်တော့ သတိထားပါဦး။ အိမ်က ထွက်သွားတတ်ပါတယ်။

အဖိုးမတန်ဘူးဆိုပြီး ဘူးထဲခွက်ထဲမှာ ဖွက်ထားတဲ့ ကျောက်ကလေးတစ်လုံး ရှိနေတယ်။ ဘာကျောက်ပဲဖြစ်ဖြစ် အရောင်ကတော့ ခပ်ဖျော့ဖျော့ပါပဲ။ ထိပ်မှာ အနာကလေးပါတယ်၊ အဲဒီ ကျောက်ကလေးကိုရှာပြီး ငွေလက်စွပ်ကွင်းပြီး မိတ်ဆွေရဲ့ လက်မှာ ဝတ်ထားလိုက်ပါလား။ အဲဒါ အလွန်ကောင်းတဲ့ အဆောင်ဖြစ်တယ်။

ဒီလိုနှစ်မျိုးမှာ သင့်အိမ်ကို ကိုယ်ဝန်ဆောင်သည် ရောက် လာပြီး ညအိပ်ညနေ တည်းခိုရင်၊ ခေါင်းမူးတတ်တယ်၊ ဗိုက်အောင့်တတ်တယ်၊ ဝမ်းတွေ ဘာတွေလည်း ပျက်တတ်တယ်။ အဲဒီလိုများ ဖြစ်ခဲ့ရင်တော့ အုန်းရည် (၄)ခွက်နဲ့ လေ့ကားကို ပက်ပြီး ဆေးပစ်လိုက်ပါ။ ဆေးတာကတော့ ဗုဒ္ဓဟူးနေ့ ညနေဆိုရင် ပိုကောင်းပါတယ်။

## ယတြာ

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာလည်း သင့်အဖို့ ကံကောင်းသော နှစ်ပါပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေ ရှိပါတယ်။

အဲဒါလေးတွေ ပြေပျောက်သွားအောင် ယတြာကတော့ လိုမယ်။ ဒီတော့ မိတ်ဆွေအနေနဲ့ ယတြာလေးတွေ ချေပေးပါဦး။

အမွေးနံ့သာရေနှင့် တနင်္လာထောင့်က ဆင်းတုတော်ကို တနင်္လာနေ့မှာ ရေသပ္ပာယ်ပေးပါ။ ကြာဖူး(၂)ပွင့်၊ သစ္စာပန်း (၆)ပွင့်ကိုလည်း ၎င်းဘုရားမှာ ပဲ ကပ်လှူပူဇော်လိုက်ပါ။ နဂါးရုံဘုရားမှာ ထန်းလျက် (၁၁)ခဲကိုတော့ စက္ကူကတော့ထဲ ထည့်ပြီး ကပ်လှူပူဇော်လိုက်ပါ။

အဲဒီလို လုပ်လိုက်မယ်ဆိုရင် ဒီနှစ်ပိုင်းမှာ မိတ်ဆွေကြုံတွေ့ရမယ့် အခိုက်အညံ့လေးတွေ ပြေပျောက်သွားမှာ ပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ မိတ်ဆွေအဖို့ ကံကောင်းတဲ့ နှစ်တစ်နှစ်ပါပဲ။

***



တနင်္ဂနွေသားသမီး
များအတွက် ဟောစာတမ်း

(အင်္ဂါ သက်ရောက်)

အသက် ၃နှစ်၊ ၁၁နှစ်၊ ၁၉နှစ်၊ ၂၇နှစ်၊ ၃၅နှစ်၊ ၄၃နှစ်၊ ၅၁နှစ်၊ ၅၉နှစ်၊ ၆၇နှစ်၊ ၇၅နှစ်၊ ၈၃နှစ်၊ ၉၁နှစ်၊ ၉၉နှစ်၊ ၁၀၇နှစ် အတွက်

အသက် (၃နှစ်၊ ၁၁နှစ်၊ ၁၉နှစ်၊ ၂၇နှစ်၊ ၃၅နှစ်၊ ၄၃နှစ်၊ ၅၁နှစ်၊ ၅၉နှစ်၊ ၆၇နှစ်၊ ၇၅နှစ်၊ ၈၃နှစ်၊ ၉၁နှစ်၊ ၉၉နှစ်၊ ၁၀၇နှစ်) အတွက်

သင် . . . ဒီနှစ်ပိုင်းမှာ မမျှော်လင့်ဘဲ လက်အောက်ငယ်သားများ ၏ ဆန့်ကျင် တော်လှန်မှုတွေကို ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းတွေမှာ အခက်အခဲတွေ တွေ့ရမယ်။ မမျှော်လင့်ဘဲ စိတ်ညစ်စရာတွေ ရောက်လာတတ်ပါတယ်။ လုပ်နေရတဲ့ အလုပ်ကိုယ်လည်း စိတ်မဝင်စားတော့ပဲ စိတ်လေနေတတ်ပါတယ်။

စီးပွားရေး မကောင်းပါ။ စီးပွားတက်တော့မလိုနဲ့ တဖြည်းဖြည်း ကုန်သွားတတ်ပါတယ်။ အဖြစ်ထက် အပျက်ဘက်က ပိုများ နေပါတယ်။ ကြွေးတင်မယ်။ သို့မဟုတ် ကြွေးမရဖြစ်မယ်။

လက်ရှိအလုပ်ကနေ တခြားကို ပြောင်းလိုစိတ် ပေါ်တတ်ပါတယ်။ မပြောင်းပါနဲ့ ။ လက်ရှိအလုပ်က တော်ပါသေးတယ်။ နောက်ပြောင်းမည့် အလုပ်က သင့်ကို အကျိုးမပေးပါ။

ပဲ၊ နှမ်း ရောင်းဝယ် ဖောက်ကားမှုနဲ့ အကျိုးပေးမယ်။ ကြက်သွန် လှောင်ပါက ရှုံးမယ်။

သွားကိုက် ခါးနာ တစ်မျိုးမျိုးဖြစ်မယ်။

သူခိုး ခိုးခံရတတ်ပါတယ်။

မြေအရောင်းအဝယ်ကိစ္စ ပေါ်မယ်။ အောင်မြင်မယ်။

ပညာရေး အထူးကောင်းမယ်။ နိုင်ငံခြားခရီးတွေ ရှိတယ်။ သင်တန်းကိစ္စ၊ စာမေးပွဲကိစ္စပေါ်မယ်။ နိုင်ငံခြားသို့ ပညာရေးကိစ္စနှင့် လည်း သွားရမယ်။

အမိ၊ အဖ တစ်ဦးဦးကျန်းမာရေး ညံ့မယ်။

အိမ်ထောင်ရှိပါက အိမ်ထောင်ရေး စိတ်ညစ်ရမယ်။

အချစ်ရေး ညံ့ပါတယ်။ ချစ်သူနဲ့ ခွဲခွာရကိန်း ရှိတယ်။

ထီ ကံကောင်းတယ်။ သင် . . . ထီထိုးပါက '၅' အစ '၇' အဆုံး အောင်ဘာလေထီထိုးပါ။ မြွေမြင်လျှင်၊ မြွေအိပ်မက် မက်လျှင် ထီ မုချပေါက်မယ်။

လမ်းထဲမှာ နာရေးပေါ်မယ်။ မသွားသင့်ပါ။

စာချုပ်စာတမ်းများ ပြုလုပ်ရမယ်။ ကောင်းသောလုပ်ခြင်း ဖြစ်ပါတယ်။

အထူးမှာ ကြားချက်

တနင်္ဂနွေသားသမီး မည်သူမဆို အသက် (၂၇)နှစ် (၃၅)နှင့် အရွယ်များ တွင် အထူးဂရုစိုက်ရမယ်။ အမှုအခင်းဖြစ်ခြင်း၊ လက်ခြေတို့၌ ပြင်းထန်စွာ ဒဏ်ရာရခြင်း စသည် တို့ တွေ့ကြုံရတတ်ပါတယ်။ ထို့ကြောင့် တစ်ခုသော အင်္ဂါနေ့ ညနေ (၃)နာရီတွင် သစ္စာပန်း(၃)ပွင့်၊ သရက်ညွှန့် (၈)ညွှန့်ကို ဘုရားပန်းအဖြစ် အိမ်ဘုရား၌ပင် လှူဒါန်းပြီး ထိုသို့မဖြစ်ရန် ဆုတောင်းပါလေ။ ဖြစ်နိုင်လျှင် သက်သတ်လွတ် (၈)ရက်စားပါက တွေ့ကြုံရမည့် ဒုက္ခများ ပြေငြိမ်းသွားပါလိမ့်မယ်။ အိုးဟောင်းကို တနင်္ဂနွေနေ့မှာ ရေမျှောရမယ်။ ထီးဟောင်းတစ်လက်ကို အိမ်၏အနောက်အရပ်မှာ စွန့်ပါ။


ယတြာ

စနေနေ့ စနေထောင့်မှာ ထီးဖြူ(၇)လက် ကပ်လှူပါ။

နေ့စဉ် ဆွမ်းငါးပွဲ ကပ်လှူပါ။ ဆွမ်းပေါ်မှာ ပေါက်ပေါက်ထည့်ပြီး ကပ်ပါ။

သောကြာနေ့မှာ သခွားသီးတစ်လုံးတွင် သင်၏ နံမည်နှင့် မွေးနေ့သက္ကရာဇ်ကို ရေးပြီး ရေမျှောပါ။ တနင်္ဂနွေနေ့မှာ သင်၏ အင်္ကျီဟောင်း တစ်ထည်ကို ရေမျှောပါ။

***


တနင်္ဂနွေသားသမီး

များအတွက် ဟောစာတမ်း

(ပုဗ္ဗဟူးသက်ရောက်)

အသက် ၄နှစ်၊ ၁၂နှစ်၊ ၂၀နှစ်၊ ၂၈နှစ်၊ ၃၆နှစ်၊ ၄၄နှစ်၊ ၅၂နှစ်၊ ၆၀နှစ်၊ ၆၈နှစ်၊ ၇၆နှစ်၊ ၈၄နှစ်၊ ၉၂နှစ်၊ ၁၀၀နှစ်၊ ၁၀၈နှစ် အတွက်

အသက် (၄နှစ်၊ ၁၂နှစ်၊ ၂၀နှစ်၊ ၂၈နှစ်၊ ၃၆နှစ်၊ ၄၄နှစ်၊ ၅၂နှစ်၊ ၆၀နှစ်၊ ၆၈နှစ်၊ ၇၆နှစ်၊ ၈၄နှစ်၊ ၉၂နှစ်၊ ၁၀၀နှစ်၊ ၁၀၈နှစ်) အတွက်

သင်မမျှော်လင့်ဘဲ ဒီနှစ်ထဲမှာ အမှုအခင်း ဖြစ်တတ်ပါတယ်။

ဖြေရှင်းစရာ ပြဿနာတွေ ပေါ်တတ်ပါတယ်။ မနာလိုတဲ့ သူတွေလုပ်လို့ လုပ်ငန်းတွေ ထိခိုက်တတ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်ချင်း စိတ်ဝမ်းကွဲတာတွေ ကြုံတွေ့ရလိမ့်မယ်။ ကျန်းမာရေးလည်း ညံ့တတ်တယ်။

ပြီးတော့ ဒီနှစ်မှာ နားရတယ် မရှိနိုင်ပါဘူး။ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေရလို့ အလွန်ကို ပင်ပန်းပါလိမ့်မယ်။

ငွေကြေးတွေလည်း ဆုံးပါးတတ်တယ်။ ဘယ်လို အရသာရှိတဲ့ အစားအသောက်ကိုပဲ စားစား ခံတွင်းမတွေ့ပဲ ဖြစ်နေတတ်တယ်။ အိမ်ကပစ္စည်းတွေ ရောင်းရတဲ့ အထိ ငွေပြတ်သွားတတ်တယ်။

ဆွေမျိုးသားချင်းတွေထဲက အသက်အရွယ်ကြီးသူတွေ ဆုံးပါးတတ်ပါတယ်။

အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ ကာမဂုဏ်စိတ် ကုန်ခန်းသွားတတ်တယ်။

သူတစ်ပါးက စုန်းအတတ်၊ ပယောဂအတတ်တွေနဲ့ ကိုယ့်ကို မကောင်းကြံတတ်တယ်။

အိမ်ထောင်ရှိလျှင်လည်း တကျက်ကျက် ဖြစ်နေတတ်ပါတယ်။ အိမ်ထောင်ရေး ညံ့ပါတယ်။

အလုပ်မှာ စိတ်မဝင်စားသလို ဖြစ်နေတတ်တယ်။ အလုပ်မှာ ပြဿနာ ပေါ်တတ်တယ်။

ကိုယ်က ပေးစရာရှိတဲ့ ငွေက ချက်ချင်းပေးရမယ်။ ရစရာရှိတဲ့ ငွေကတော့ မရဘဲ ရှိနေလိမ့်မယ်။

အောက်လက်ငယ်သားတွေ၊ တပည့်တပန်းတွေ ကိုယ့်ဆီက ထွက်သွားပြီး ကိုယ်နဲ့ မတည့်တဲ့ လူဆီ ရောက်သွားတတ်ပါတယ်။

ပညာတစ်ခု ရလိမ့်မယ်။ ပညာထူးဖြစ်တယ်။

သွားကိုက်သွားနာ ဖြစ်လိမ့်မယ်။ မရောက်ဖူး မသွားဖူးတဲ့ ခရီးကို ရုတ်တရက် သွားရတတ်တယ်။ မိမိအိမ်ခြေရင်းမှာ အသုဘပေါ်တတ်တယ်။ ပေါ်ရင်တော့ (၅) ဂဏန်းအစ ထီထိုးပေးပါ။ ထီဆုကြီး ပေါက်တတ်ပါတယ်။

## အထူးမှာ ကြားချက်

တနင်္ဂနွေသားသမီး မည်သူမဆို အသက်(၃၆)နှစ်ပိုင်းအတွင်း ရင်းနှီးသူများ နှင့် ရုတ်တရက် ခွဲခွာသွားတတ်တယ်။ သက်သတ်လွတ်စားခြင်း ဥပုပ်စောင့်ခြင်းများ မကြာမကြာ ပြုလုပ်ပါ။ ထိုသို့ပြုလုပ်လျှင် ထိုဘေးမှ လွတ်ပါမည်။

## အထူးမှာ ကြားချက်

တနင်္ဂနွေသားသမီး မည်သူမဆို အသက် (၄၄)နှစ်အပိုင်းတွင်း အလုပ်အကိုင် ဆုံးရှုံးပျက်စီး တတ်ပါတယ်။ ခန္ဓာကိုယ်ကို ထိခိုက်တတ်သော ဘေးဥပါဒ်များ ဖြစ်တတ်ပါတယ်။ အထူးသတိထားပါ။ သမ္ဗုဒ္ဓေဂါထာကို နေ့စဉ်ပုတီး(၉)ပတ်စိပ်ပါမှ ထိုဘေးဥပါဒ်အန္တရာယ်မှ လွတ်ပါမည်။

## ယတြာ

ဒီနှစ်ဟာ ကံဇာတာညံ့တဲ့ နှစ်လို့ ဆိုရပါမယ်။ တစ်ပတ်မှာ တစ်ကြိမ်လောက် စေတီတော် တစ်ဆူဆူကို သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကောင်းတာကတော့ ဗုဒ္ဓေါဆိုတဲ့ ဂုဏ်တော်ကို စိပ်သင့်ပါတယ်။ အခါကြီးရက်ကြီးတွေမှာ သက်သတ်လွတ် စားပေးပါ။

စနေနေ့ မနက်(၁၀) နာရီလောက်မှာ ဒံပေါက်တစ်ထုပ်ဝယ်ပြီး ဆွမ်းခံကြွတဲ့ ဘုန်းကြီးကို လောင်းလိုက်ပါ။

ရန်ကုန်မှာ နေတဲ့ မိတ်ဆွေတွေ၊ မျောက်သတ္တဝါနဲ့ နီးစပ်တဲ့ မိတ်ဆွေတွေကတော့ ငှက်ပျောသီးကိုချွေပြီး မျောက်တွေကို ပျော်ရွှင်ဝမ်းမြောက်လာအောင် ပစ်ပေါက်၍ ကျွေးပါ။

***


တနင်္ဂနွေသားသမီး
များအတွက် ဟောစာတမ်း
(စနေ သက်ရောက်)
အသက်
၅နှစ်၊ ၁၃နှစ်၊ ၂၁နှစ်၊ ၂၉နှစ်၊ ၃၇နှစ်၊ ၄၅နှစ်၊ ၅၃နှစ်၊
၆၁နှစ်၊ ၆၉နှစ်၊ ၇၇နှစ်၊ ၈၅နှစ်၊ ၉၃နှစ်၊ ၁၀၁နှစ်၊ ၁၀၉နှစ်
အတွက်

**အသက် (၅နှစ်၊ ၁၃နှစ်၊ ၂၁နှစ်၊ ၂၉နှစ်၊ ၃၇နှစ်၊ ၄၅နှစ်၊ ၅၃နှစ်၊ ၆၁နှစ်၊ ၆၉နှစ်၊ ၇၇နှစ်၊ ၈၅နှစ်၊ ၉၃နှစ်၊ ၁၀၁နှစ်၊ ၁၀၉နှစ်) အတွက်**

သင် . . . ဒီနှစ်ထဲမှာ အညံ့အနည်းငယ် ရှိပါတယ်။ အလုပ်လုပ်ရတာလည်း အခက်အခဲတွေနဲ့ တွေ့လိမ့်မယ်။ အလုပ်ကလည်း ပင်ပန်းတဲ့ အလုပ်မျိုး ဖြစ်နေတတ်သည် ။ ကျိန်းသေအောင်မြင် ဖြစ်ထွန်းမည့် အရာတွေနဲ့ လည်း လွဲချော်နေတတ်သည် ။ ကျန်းမာရေးလည်း ညံ့တတ်ပါတယ်။

ဒုက္ခတွေ တစ်ခုပြီးတစ်ခု ရောက်လာတတ်တယ်။ သောကြာ သားသမီးတစ်ယောက် သင့်အိမ်မှာ ညအိပ် တည်းခိုလိုက်ရင်တော့ အဲဒီဒုက္ခတွေက လွတ်သွားလိမ့်မယ်။

အလုပ်အကိုင် ထိခိုက်တတ်တယ်။ အိမ်သားတွေလည်း တစ်ယောက်ပြီး တစ်ယောက် ကျန်းမာရေးညံ့လို့ ဆေးခန်း ပို့ရတတ်သည် ။

သူတစ်ပါးက သင့်ကို အကြောင်းမဲ့ တိုက်ခိုက်ပြီး အကျိုးမဲ့အောင် ပြုလုပ်တတ်တယ်။ ပြီးတော့ မကောင်းသတင်းလည်း လွှင့်တတ်ပါသေးတယ်။

ရပ်ဝေးက သက်ကြီးရွယ်အိုတွေ ကိုယ့်ဆီ လာပြီး တည်းခိုတတ်သည် ။ ပြီးတော့ ရုတ်တရက် ကျန်းမာရေး ညံ့ပြီး ဆုံးပါးတတ်ပါတယ်။ လက်မခံရင် အကောင်းဆုံးပါပဲ။

သူများ အတွက် သက်သေ လိုက်ရတတ်သည် ။ အမှုအချုပ် ရောက်နေတဲ့ သူကို အာမခံနဲ့ သွားပြီး ထုတ်ပေးရတတ်တယ်။ ပြီးတော့ အဲဒီလူကပဲ ကိုယ့်ကို အကောင်းမပြောဘဲ ကျေးဇူးကန်းတာကို ခံရလိမ့်မယ်။

ပြီးခဲ့တဲ့ နှစ်က ကံညံ့လို့ ငွေကြေးဥစ္စာပစ္စည်းတွေ ကုန်ကျခဲ့တယ်။ ကျန်တာလေးတွေ ဒီနှစ်ထဲမှာ ထပ်ပြီး ကုန်သွားလိမ့်မယ်။ ကံဇာတာ ညံ့နေတယ်။ အထူး သတိထားပါ။

ငွေတွေဘာတွေ ပျောက်တတ်တယ်။ အသက်ကို မထိခိုက်တဲ့ တိုင်အောင် ကားနဲ့ တော့ တိုးမိတတ်တယ်။ ပွတ်သွားတာမျိုး ခံရတတ်ပါတယ်။

ခွဲစိတ်ကုသခံရဖို့ ကိန်းတွေ ကြုံတတ်တယ်။ ရုတ်တရက် လေအောင့်တာတို့ ဘာတို့ ဖြစ်တတ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ သားသမီးတွေ

ဘာတွေရှိရင်လည်း သတိထားရမယ်။ ဒီနှစ်ထဲမှာ အိမ်ထောင်ကျတတ်တယ်။

သွေးကို အကြောင်းပြုတဲ့ ရောဂါတွေ ရတတ်ပါတယ်။

**အထူးမှာ ကြားချက်**

တနင်္ဂနွေသားသမီး မည်သူမဆို အသက်(၅၃)နှစ်အရွယ်တွင် သွေးထွက်သံယိုဖြစ်ခြင်း၊ ထိခိုက်မိခြင်း၊ အမှုအခင်းဖြစ်ပြီး၊ စီးပွားရေး အကျပ်အတည်း ဖြစ်ခြင်း၊ ခွဲစိတ်ကုသခံရမည့် ရောဂါ မျိုး ဖြစ်ခြင်းများ ဖြစ်တတ်ပါတယ်။ ထိုအန္တရာယ်မျိုးမှ လွတ်မြောက်နိုင်ရန် အတွက် မကြာခဏ (၈) ပါးသီလ၊ (၉)ပါးသီလများ ဆောက်တည်ရပါမယ်။ ဘေးမဲ့လွှတ်ခြင်းများ ၊ ငါးလွှတ်ခြင်း၊ ကြက်လွှတ်ခြင်းများ ပြုလုပ်ရပါမယ်။ ထို့ပြင် စနေနေ့ညနေ (၃)နာရီ၌ ပဲခူးမြို့မှ ဝယ်သော ပန်းကန်ပေါ်တွင် ဖယောင်းတိုင် (၅)တိုင်စိုက်ထူပြီး အထက်ပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်ကြီးများ ထံတွင် တိုင်တည်ပြီး ဘေးဥပါဒ်အန္တရာယ်များ ကင်းလွတ်ရန် ဆုတောင်းပါလေ။

**ယတြာ**

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ ညှံ့နေတာ ထင်ရှားပါတယ်။ မွေးနေ့ညနေပိုင်းမှာ ငါးသက်စေ့ လွှတ်ပေးပါ။ လွှတ်ရင် မြစ်ချောင်းထဲမှာ သွားလွှတ်ပါ။ စနေနေ့ မနက်စောစော စနေထောင့်မှာ ထီးနီသက်စေ့ လှူလိုက်ပါ။ ဘုန်းကြီးကိုလည်း စတုမဓုလှူပါ။

စနေနေ့ မနက်ပိုင်းမှာ နွားကို အစာကျွေးပါ။

မြေချိုင့်တွေ ဘာတွေရှာပြီး အုန်းခွံနဲ့ လမ်းခင်းပေးပါ။

သီလရှိသူကို ရှာပြီး ထီးတစ်လက်လှူလိုက်ပါ။

***

တနင်္ဂနွေသားသမီး
များအတွက် ဟောစာတမ်း

(ကြာသပတေး သက်ရောက်)

အသက် ၆နှစ်၊ ၁၄နှစ်၊ ၂၂နှစ်၊ ၃၀နှစ်၊ ၃၈နှစ်၊ ၄၆နှစ်၊ ၅၄နှစ်၊ ၆၂နှစ်၊ ၇၀နှစ်၊ ၇၈နှစ်၊ ၈၆နှစ်၊ ၉၄နှစ်၊ ၁၀၂နှစ်၊ အတွက်

**အသက် (၆နှစ်၊ ၁၄နှစ်၊ ၂၂နှစ်၊ ၃၀နှစ်၊ ၃၈နှစ်၊ ၄၆နှစ်၊ ၅၄နှစ်၊ ၆၂နှစ်၊ ၇၀နှစ်၊ ၇၈နှစ်၊ ၈၆နှစ်၊ ၉၄နှစ်၊ ၁၀၂နှစ်) အတွက်**

သင် . . . ဒီနှစ်မှာ ကံဇာတာ ကောင်းတယ်လို့ လည်း မပြောနိုင်ပါဘူး။

ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိ ဖြစ်တတ်ပါတယ်။ ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန် သွားတတ်ပါတယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စနဲ့ ဖြစ်နေ တတ်ပါတယ်။

ငွေတွေလည်း ဝင်စရာရှိတာ မဝင်ဘဲ လာဘ်ပိတ်နေမည်။ လုပ်နေကျ လုပ်ငန်းကိုရပ်ပြီး လုပ်ငန်းအသစ် ပြောင်းလုပ်ဖို့ စိတ်ကူးပေါ်မယ်။

မလုပ်ပါနဲ့ လို့ အကြံပေးချင်ပါတယ်။ လုပ်ငန်း ပြောင်းလုပ်ရင် ဆုံးရှုံးမည်။ ကိုယ်တင် ဒုက္ခရောက်တာ မဟုတ်ဘူး ။ အိမ်သူအိမ်သားတွေလည်း သူ့နည်းနဲ့ သူ ဒုက္ခတွေ တွေ့နေတတ်ပါတယ်။ အိမ်ကို ဘိုးတော်လိုလို၊ ဘာလိုလိုနဲ့ ညာတဲ့ လူတွေ ရောက်လာတတ်တယ်။ မယုံပါနဲ့ ။ ပါသွားလိမ့်မယ်။

မြေကိစ္စ၊ အမွေကိစ္စ စကားများ ရတတ်ပါတယ်။ အိမ်ထောင်ရှိသူများကတော့ သတိထားနေပါ။ အိမ်ထောင်ဘက်က ကိုယ့်ကို အထင်လွဲတတ်ပါတယ်။ ဒီနှစ်ကံဇာတာက ဘာမှ မလုပ်ဘဲနေရင် နည်းနည်း သက်သာမယ်။ လုပ်တတ်လို့ လျှောက်ပြီး လုပ်ရင်တော့ လုပ်လေ ကုန်လေဖြစ်မှာ ပဲ။ မကြာခဏ ခေါင်းကိုက်လိမ့်မယ်။ ငွေအတွက်လည်း ပူပင်သောက ရောက်ရလိမ့်မယ်။ အိမ်မှာ သုံးတဲ့ ရေပိုက်၊ ရေကန်တွေ ပြုပြင်ရတတ်ပါတယ်။ ခရီးထွက်ပြီးလို့ ပြန်လာရင်တော့ သင့်ရဲ့ ညံ့နေတဲ့ ကံတွေ ကောင်းသွားပြီလို့ ယူဆပါ။

## ယတြာ

အသက်ကြီးသော လူမမာကို ဆေးဖိုး၊ ဓာတ်စာဖိုးများ လှူဒါန်းပါ။

အုန်းသီးအစိမ်းတစ်လုံးကို အဝဖြတ်ပြီး အရည်တွေ သွန်ပစ်လိုက်ပါ ။ ပြီးရင် ဆားများများ သိပ်ပါ။ အဲဒီနောက် ရုက္ခစိုးစင်မှာ သွားလှူလိုက်ပါ။ အဲဒီယတြာကို အင်္ဂါနေ့ နံနက်စောစော ပြုလုပ်ပါ။

မြန်မာလ လဆန်း ၉ ရက်၌ ဖြစ်စေ၊ လဆုတ် ၉ ရက်၌ ဖြစ်စေ နံနက် ၉ နာရီတိတိမှာ သင်၏ အိမ်ဘုရားစင်မှာ ပဲ ကော်ဖီ (၁)ခွက်နဲ့ ကိတ်မုန့် ၉ ချပ်ကပ်လှူပါ။ အညံ့တွေ ပြေပျောက် သွားပါလိမ့်မယ်။

ကြာသပတေးနေ့ ညနေ (၃)နာရီလောက်မှာ စမူဆာ (၅)ခုဝယ်ပြီး

လမ်းပေါ်ကခွေးကို ကျွေးပါ။

***

တနင်္ဂနွေသားသမီး

များအတွက် ဟောစာတမ်း

၄၃၂ / ၁၀၆၅

၀၆၅ / ၄၃၂၁

(ရာဟု သက်ရောက်)

အသက် ၇နှစ်၊ ၁၅နှစ်၊ ၂၃နှစ်၊ ၃၁နှစ်၊ ၃၉နှစ်၊ ၄၇နှစ်၊ ၅၅နှစ်၊ ၆၃နှစ်၊ ၇၁နှစ်၊ ၇၉နှစ်၊ ၈၇နှစ်၊ ၉၅နှစ်၊ ၁၀၃နှစ်၊ အတွက်

### အသက် (၇နှစ်၊ ၁၅နှစ်၊ ၂၃နှစ်၊ ၃၁နှစ်၊ ၃၉နှစ်၊ ၄၇နှစ်၊ ၅၅နှစ်၊ ၆၃နှစ်၊ ၇၁နှစ်၊ ၇၉နှစ်၊ ၈၇နှစ်၊ ၉၅နှစ်၊ ၁၀၃နှစ်) အတွက်

သင် . . . ဒီနှစ်မှာ သင့်ကို မလေးစားတဲ့ သူတွေကတောင် ကြည်ညို လေးစား လာကြလိမ့်မယ်။ ဒီနှစ်ဟာ ကံကောင်းတဲ့ နှစ်လို့ ဆိုရလိမ့်မယ်။

ကိုယ်က ဖြစ်သလို ဝတ်စားတာကို ဘေးလူက ကြည့်လို့ ကောင်းနေတတ်တယ်။ ထမင်းစားတဲ့ အခါလည်း ဟင်းကောင်းဖို့ မလိုဘူး။ ဘာနဲ့ပဲ စားရစားရ ထမင်းမြိန်နေတတ်တယ်။ ကံကောင်းနေပြီကိုး။

ကိုယ်က တလွဲအကြံပေးလိုက်တယ်။ လုပ်တဲ့ သူကလည်း လိုက်ပြီး လုပ်တယ်။ သူ့ဟာနဲ့ သူ အပေါက်အလမ်း တည့်သွားတယ်။ အဲဒီမှာ ပဲ

ကိုယ့်ကို ကျေးဇူးတင်တော့တာပါပဲ။ ကံကောင်းနေတော့လည်း ပြောတိုင်း ဖြစ်တာပေ့ါလေ။

ကိုယ်က အလုပ်လုပ်ချင်တယ်။ ကိုယ့်မှာ ငွေမရှိဘူး။ ငွေရှိတဲ့ သူဆီက သူ့ငွေတွေကို ယူပြီးလုပ်ပါ။ ပေးချင်တဲ့ အခါမှ ပြန်ပြီးပေးပါဆိုပြီး ငွေထုပ်ကို လာပြီး အပ်တတ်တယ်။ ကံကောင်းနေတာကိုး။

သေမလောက် ရောဂါခံနေရတဲ့ သူကို ကိုယ်က ကြားဖူးတဲ့ ဆေးမြီးတိုကလေး ပေးလိုက်တယ်။ သူကလည်း ယုံကြည်စွာနဲ့ သောက်တယ်။ အဲဒီမှာ ရောဂါပျောက်သွားတယ်။ ကိုယ့်ကိုလည်း ဇီဝကလောက် ထင်သွားတယ်။

လုပ်ငန်းသစ်တွေ စရတတ်တယ်။ မမျှော်လင့်တဲ့ ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ ထင်တဲ့ ငွေတွေ ပြန်ရတတ်တယ်။ အလုပ်တွေ အကျိုးပေးတတ်တယ်။

ဘုရားဆင်းတုတော်တွေ၊ ဘုရားပုံတော်တွေ အိမ်ကို ကြွလာတတ်တယ်။

အထူးမှာ ကြားချက်

တနင်္ဂနွေသားသမီး မည်သူမဆို အသက် (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ် အရွယ်တို့ တွင် ပစ္စည်းဥစ္စာများ ဆုံးရှုံးခြင်း၊ ဂုဏ်သိက္ခာ ထိခိုက်ခြင်း၊ ရင်းနှီးသော ဆွေမျိုးသားချင်း သေဆုံးခြင်း၊ အိုးအိမ် နေရာထိုင်ခင်းများ အခက်အခဲကြုံခြင်းများ ဖြစ်တတ်ပါတယ်။ အထူးသတိပြုပါ။ ဖြစ်နိုင်လျှင် ရိပ်သာတစ်ခုခု၌ အနည်းဆုံး (၄၉)ရက် တရားဝင်ပါ။ ထိုသို့ပြုလုပ်လျှင် ထိုအန္တရာယ်များမှ လွတ်ကင်းနိုင်ပါလိမ့်မည်။ ထို့ပြင် တစ်ခုသော ဗုဒ္ဓ

ဟူးနေ့ညနေ (၃) နာရီတွင် ဘုရားစင်ရှေ့တွင် စားပွဲတစ်လုံးခင်းပါ။ ထို စားပွဲပေါ်တွင် ဖန်ခွက်တင်ပါ။ ထိုဖန်ခွက်ထဲတွင် ကတတ်ညွန့် (၇)ညွန့် ထည့်ပြီး အထက်ကဖော်ပြခဲ့တဲ့ ဘေးဥပါဒ်များ ကင်းဝေးစေရန် လေး လေးနက်နက် ဆုတောင်းပါ။

တစ်ခုအကြံပေးချင်တာက ဒီလိုကံကောင်းတဲ့ နှစ်မှာ ကိုယ့်အလုပ် ကိုယ်ကြိုးစားပြီးလုပ်ပါ။ ဘယ်အသင်းအဖွဲ့မှ မဝင်ပါနဲ့ ။ မုချ ချမ်းသာမ ယ့်နှစ်ဖြစ်မယ်။ ကြိုးစားရင် ကြိုးစားသလောက် အကျိုးရှိမှာ ဖြစ်တယ်။

အလွန်ကောင်းတဲ့ သတင်းတစ်ခု ကြားရတတ်ပါတယ်။ လူချစ်လူခ င် များ မယ့်နှစ်လည်း ဖြစ်တယ်။ အလှူလုပ်ရတတ်တယ်။ လုပ်ရမယ့် အလှူကလည်း ရည်ရွယ်တုန်းက သေးသေး တကယ်လုပ်တော့ ကြီးသွားလိမ့်မယ်။ ဒီနှစ်ထဲမှာ ဆိတ်သားဟင်း ရှောင်ထားပါ။

ကားပိုင်မရှိသေးရင်တော့ ကားပိုင်ရလိမ့်မယ်။ ပထမရတဲ့ ကားက တော့ မကြာခဏ ပျက်လိမ့်မယ်။ အဲဒီပျက်တဲ့ ကားကိုလဲပြီး နောက်ရမ ယ့်ကားကမှ အကောင်းစီးရမှာ နော်။ ကားရှိပြီးသား ဆိုရင်တော့ ကား သစ်ရပြီဆိုပြီး သိပ်လည်း ပျော်မနေနဲ့ ဦး။ ဘေးမှာ ပွတ်တိုက်ထားတဲ့ ဒ ဏ်ရာရှိတယ်။

ဘာပဲဖြစ်ဖြစ် ဒီနှစ်မှာ သင်ဟာ ချမ်းသာမှာ ပါပဲ။ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ ပြဿနာများ ကြုံရတတ်ပါတယ်။ ငွေကုန်ကြေးကျ များ ခြ င်း၊ ရသောငွေ မမြဲခြင်းများ ကြုံရတတ်ပါတယ်။


## ယတြာ

ဒီနှစ်မှာ အတော့်ကို ကံကောင်းနေပြီပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့အခိုက်တွေလည်း ရှိတာပေ့ါ။ အဲဒါလေးတွေကို ပြေပျောက်သွားဖို့ အတွက် စေတီတော်တစ်ဆူဆူမှာ ယပ်သက်စေ့ လှူလိုက်ပါ။ ရေသက်

စေ့ သပ္ပာယ်ပါ။ ရုပ်ပွားတော်ရဲ့ ရင်ပတ်တော်မှာ ရွှေ (၁၂) ပြားချပါ။ လောကဝိဒူ ဂုဏ်တော်ကို အဓိဋ္ဌာန်နဲ့ စိပ်ပေးပါ။

ရွှေထီး ၂ လက်ကို ဗုဒ္ဓဟူးထောင့်မှာ ကြက်ခြေခတ်ပြီး လှူပါ။ ကြာပန်းအဖြူရောင် လှူပါ။ အဲဒီလို လှူလိုက်မယ်ဆိုရင် အညံ့အခိုက်တွေဟာ ပြေပျောက်သွားမှာ ပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ အတော့်ကို ကံကောင်းတဲ့ နှစ် ဖြစ်ပါတယ်။

***


တနင်္ဂနွေသားသမီး
များအတွက် ယောစာတမ်း
(သောကြာ သက်ရောက်)
အသက်
၈နှစ်၊ ၁၆နှစ်၊ ၂၄နှစ်၊ ၃၂နှစ်၊ ၄၀နှစ်၊ ၄၈နှစ်၊ ၅၆နှစ်၊
၆၄နှစ်၊ ၇၂နှစ်၊ ၈၀နှစ်၊ ၈၈နှစ်၊ ၉၆နှစ်၊ ၁၀၄နှစ်၊
အတွက်

အသက် (၈နှစ်၊ ၁၆နှစ်၊ ၂၄နှစ်၊ ၃၂နှစ်၊ ၄၀နှစ်၊ ၄၈နှစ်၊ ၅၆နှစ်၊ ၆၄နှစ်၊ ၇၂နှစ်၊ ၈၀နှစ်၊ ၈၈နှစ်၊ ၉၆နှစ်၊ ၁၀၄နှစ်) အတွက်

သင်သည် ဒီနှစ်မှာ သင့်အတွက် ကံကောင်းတဲ့ နှစ် တစ်နှစ်ပါပဲ။ ခရီးဝေး၊ ခရီးနီး နှစ်မျိုးစလုံး ပျော်ပျော်ရွှင်ရွှင် သွားရတတ်သည် ။ ရာထူးတွေလည်း တိုးလိမ့်မည်။ ဆုံးမလို ဖြစ်နေသော ပစ္စည်းတွေလည်း ပြန်ရတတ်ပါတယ်။ ပစ္စည်းသစ်တွေ၊ အဝတ်အစားသစ်တွေလည်း ဝင်လာလိမ့်မည်။ ခါတိုင်းနှစ်နဲ့ မတူပါ။ စည်းစိမ်ဥစ္စာတွေလည်း တိုးတက်လိမ့်မယ်။ ကျေးဇူးရှင်တွေ မိဘတွေကိုလည်း ပြန်ပြီး ကြည့်နိုင်လိမ့်မယ်။ ငွေတွေကလည်း ဝင်လာမှာ တသောသောပါပဲ။ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံမည့်နှစ်ပါပဲ။

အထက်လူကြီး၊ ဆရာသမားလို ပုဂ္ဂိုလ်မျိုးကလည်း ကြည့်လိမ့်မယ်။ မိတ်ကောင်း ဆွေကောင်းတွေလည်း ရလိမ့်မယ်။ စက်တွေ စိန်တွေလည်း ဝင်တတ်တယ်။ မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူ ဆိုရင်တော့ အိမ်ထောင်ကျတတ်ပါတယ်။

ဒီနှစ်ကတော့ စိတ်တိုင်းကျ ကောင်းမည့် နှစ်ပါ။ မိမိမျှော်လင့်မထားတဲ့ အဆင့်အတန်းကို ရောက်သွားလိမ့်မယ်။ ရာထူးကြီးတွေ မြင့်တက်သွားမယ်။ အလွန်ကောင်းတဲ့ နှစ်ပါပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေတော့ ရှိတာပေ့ါဗျာ။ အဲဒါလေးတွေ အတွက်တော့ ယတြာချေဖို့ လိုလိမ့်မယ်။

မတွေ့တာ ကြာပြီဖြစ်သော မိတ်ဆွေများ နှင့် ပြန်လည် တွေ့ဆုံရတတ်ပါတယ်။

### ယတြာ

အိပ်ရာ ရွှေ့အိပ်လိုက်ပါ။ ဆင်းရဲနွမ်းပါးသူကို ခရီးစရိတ် ထောက်ပံ့

ပေးပါ။

မြန်မာပြည်တစ်ပတ် ဘုရားစုံ လှည့်ဖူးလိုက်ပါဦး။ အင်္ဂါနေ့တိုင်း ဆီထင်း (၅)ပွဲ ဘုရားမှာ လှူပါ။

အုန်းသီး မထည့်နဲ့ နော်။ ကြာသပတေးနေ့ ကြာသပတေးထောင့်မှာ မုန့်စိမ်းပေါင်း (၃) ပန်းကန် လှူပါ။ အုန်းသီး မထည့်ပါနဲ့ ။

***





ဆရာကြီးမင်းသိမ်း (၁၉၀၀ - ၁၉၀၀) ခုနှစ်အထိ ဗေဒင်ဟောခန်း ပြုလုပ်ခဲ့သောအိမ်
အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း ကျောက်မြောင်း တာမွေ ရန်ကုန်။

# တနင်္လာ သားသမီးများ

# အတွက်



ဆရာကြီး မင်းသိင်္ခ၏

ဘဝတစ်သက်တာ

ဟောစာတမ်း နှင့် ယတြာ

## တနင်္လာ သားသမီးများ

## အတွက် ဟောစာတမ်း

(တနင်္လာသက်ရောက်)

**အသက် (၁နှစ်၊ ၉နှစ်၊ ၁၇နှစ်၊ ၂၅နှစ်၊ ၃၃နှစ်၊ ၄၁နှစ်၊ ၄၉နှစ်၊ ၅၇နှစ်၊ ၆၅နှစ်၊ ၇၃နှစ်၊ ၈၁နှစ်၊ ၈၉နှစ်၊ ၉၇နှစ်၊ ၁၀၅နှစ်) အတွက်**

သင် ဒီနှစ်ထဲမှာ မမျှော်လင့်ဘဲ ရုတ်တရက် ငွေတွေ ဝင်လာတတ်တယ်။ အမွေတွေ ဘာတွေရစရာရှိရင် ဒီနှစ်ထဲမှာ ရမယ်။ ငွေလည်း စုဆောင်းမိနိုင်မယ်။ အိမ်ထောင်ရှိတဲ့ လူများကတော့ သတိထားရမယ်။ ဘာဖြစ်လို့ လည်း ဆိုတော့ ဒီနှစ်ဟာ မျက်နှာပွင့်တယ်။ ဆရာသမားလို ပုဂ္ဂိုလ်မျိုး အိမ်ကို ရောက် လာပြီး ဒုက္ခပေးတတ်ပါတယ်။ ဒီနှစ်မှာ အရင့်အရင်က ကိုယ်နဲ့ မသင့်မြတ်သူတွေနဲ့ ပြန်ပြီး သင့်မြတ်တတ်တယ်။ ဒါကောင်းတဲ့ အချက်ပါပဲ။

ရာထူးတွေဘာတွေ တက်တာလည်း ဒီနှစ်မျိုးမှာ တက်တာပါပဲ။ လခစား အလုပ်ဆိုလျှင် ဒီနှစ်ထဲမှာ ထွက်ချင်စိတ် ပေါ်တတ်ပါတယ်။ မထွက်သင့်သေးပါ။ ထီတွေဘာတွေလည်း ပေါက်တတ်ပါတယ်။ ဝါသနာပါရင် တနင်္လာနေ့ (၁၁)နာရီတိတိမှာ ရှေ့က (၇၇) နှစ်လုံးပူးတဲ့ ထီမျိုးထိုးရမယ်။

ဒီနှစ်မျိုးဟာ ခြေထောက်မှာ ဖွဲပါတာမျိုးပေါ့။ မကြာခဏ ခရီးထွက်ရတတ်ပါတယ်။ ကျန်းမာရေးတော့ နည်းနည်း ဂရုစိုက်ပါ။ ဦးခေါင်းနဲ့ ဝမ်းဗိုက် ဒုက္ခပေးတတ်ပါတယ်။ ခေါင်းမူးတတ်တယ်။ ဗိုက်အောင့်တတ်တယ်။ ဝမ်းတွေဘာတွေလည်း ပျက်တတ်တယ်။ အဲဒီလိုများ ဖြစ်ခဲ့ရင်တော့ အုန်းရည် (၄)ခွက်နဲ့ လှေကားတွေကို ပက်ပြီး ဆေးပစ်လိုက်ပါ။ ဆေးတာကတော့ ဗုဒ္ဓဟူးနေ့ညနေဆိုရင် ပိုကောင်းပါတယ်။

မျက်စိ အားနည်းတတ်တယ်။ မျက်မှန်တပ်သူ ဆိုရင်တော့ ဒီနှစ်မျိုးမှာ မျက်မှန်ပါဝါ တိုးသွား တတ်ပါတယ်။ နောက်တစ်ခုက ဒီနှစ်မှာ ဘာတွေပဲဖြစ်ဖြစ်၊ ဘာတွေပဲ ကြုံကြုံ တစ်ခါတည်းနဲ့ မပြီးဘူး၊ နှစ်ခါနှစ်ခါ ထပ်ပြီး ဖြစ်တတ်တဲ့ သဘော ရှိပါသည် ။ ဒီလိုနှစ်မျိုးမှာ သင့်အိမ်ကို ကိုယ်ဝန်ဆောင်သည် ရောက် လာပြီး ညအိပ်ညနေ တည်းခိုရင်၊ ဒါမှ မဟုတ် သင့်အိမ်မှာ နဂိုကတည်းက ကိုယ်ဝန်ဆောင်သည် ရှိနေခဲ့ရင် ထီဆုကြီး ပေါက်တတ်ပါတယ်။ အတော့်ကို ကောင်းတဲ့ နှစ်လို့ ဆိုရမှာပါ။ ဆင်းရဲ မွဲတေနေသူတွေတောင် ဒီလိုနှစ်မျိုး ရောက်တဲ့ အခါမှာ အိမ်ပိုင်၊ ကားပိုင်တွေ ဖြစ်သွားတော့တာပါပဲ။

အဖိုးမတန်ဘူးဆိုပြီး ဘူးထဲ ခွက်ထဲမှာ ပစ်ထားတဲ့ ကျောက်ကလေး တစ်လုံး ရှိနေတယ်။ ဘာကျောက်ပဲဖြစ်ဖြစ် အရောင်ကတော့ ခပ်ဖျော့ဖျော့ပါပဲ၊ ထိပ်မှာ အနာကလေးပါတယ်၊ အဲဒီကျောက်ကလေးကို ရှာပြီး ငွေလက်စွပ်ကွင်းပြီး မိတ်ဆွေရဲ့ လက်မှာ ဝတ်ထားလိုက်ပါလား၊ အဲဒါ အလွန်ကောင်းတဲ့ အဆောင်ဖြစ်တယ်။

လာဘ်လာဘလည်း အလွန်ရွှင်မယ်။ လူအနေနဲ့ လည်း ဒီနှစ်ထဲမှာ အောင်မြင်တတ်ပါတယ်။

## ယတြာ

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာလည်း သင့်အဖို့ ကံကောင်းသော နှစ်ပါပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညှံ့အခိုက်လေးတွေ ရှိပါတယ်။

အဲဒါလေးတွေ ပြေပျောက်သွားအောင် ယတြာကတော့ လိုမယ်။ ဒီတော့ မိတ်ဆွေအနေနဲ့ ယတြာလေးတွေ ချေပေးပါဦး။

အမွေးနံ့သာရေနှင့် တနင်္လာထောင့်က ဆင်းတုတော်ကို တနင်္လာနေ့မှာ ရေသပ္ပာယ်ပေးပါ။ ကြာဖူး (၂)ပွင့်၊ သစ္စာပန်း (၆)ပွင့်ကိုလည်း ၎င်းဘုရားမှာ ပဲ ကပ်လှူပူဇော်လိုက်ပါ။ နဂါးရုံဘုရားမှာ ထန်းလျက် (၁၁)ခဲကို စက္ကူကတော့ထဲ ထည့်ပြီး ကပ်လှူပူဇော်လိုက်ပါ။

အဲဒီလို လုပ်လိုက်မယ်ဆိုရင် ဒီနှစ်ပိုင်းမှာ မိတ်ဆွေကြုံတွေ့ရမယ့် အခိုက်အညှံ့လေးတွေ ပြေပျောက်သွားမှာ ပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ မိတ်ဆွေအဖို့ ကံကောင်းတဲ့ နှစ်တစ်နှစ်ပါပဲ။

***

## တနင်္လာသားသမီး

## များအတွက် ဟောစာတမ်း

(အင်္ဂါ သက်ရောက်)

အသက် ၂နှစ်၊ ၁၀နှစ်၊ ၁၈နှစ်၊ ၂၆နှစ်၊ ၃၄နှစ်၊ ၄၂နှစ်၊ ၅၀နှစ်၊ ၅၈နှစ်၊ ၆၆နှစ်၊ ၇၄နှစ်၊ ၈၂နှစ်၊ ၉၀နှစ်၊ ၉၈နှစ်၊ ၁၀၆နှစ် အတွက်

## တနင်္လာသားသမီးများ
## အတွက် ဟောစာတမ်း

(အင်္ဂါသက်ရောက်)

အသက် (၂နှစ်၊ ၁၀နှစ်၊ ၁၈နှစ်၊ ၂၆နှစ်၊ ၃၄နှစ်၊ ၄၂နှစ်၊ ၅၀နှစ်၊ ၅၈နှစ်၊ ၆၆နှစ်၊ ၇၄နှစ်၊ ၈၂နှစ်၊ ၉၀နှစ်၊ ၉၈နှစ်၊ ၁၀၆နှစ်) အတွက်

သင် . . . ဒီနှစ်ပိုင်းမှာ အိမ်မှာ နေရတာကို မပျော်ပိုက်ဘဲ ရှိလိမ့်မယ်။ အကြောင်းအမျိုးမျိုးနဲ့ မြည်တွန် တောက်တီးစရာတွေ ပေါ်နေလိမ့်မယ်။

မနက်စောစောထပြီး သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ သူတို့ က နိမိတ်ကောင်းတွေ ပေးရင်တော့ အညံ့တွေ ပျောက်သွားတတ်ပါတယ်။ အိမ်တွင်းရေးလည်း မသာမယာ ဖြစ်တတ်ပါတယ်။

ဒီနှစ်အတွင်းမှ မိတ်ဆွေဟာ မမျှော်လင့်ဘဲ လက်အောက်ငယ်သားများ ရဲ့ ဆန့်ကျင်တော်လှန်မှုတွေကို ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းတွေမှာ အခက်အခဲတွေ တွေ့ရမယ်။ မမျှော်လင့်ဘဲ စိတ်ညစ်စရာတွေ ရောက်လာတတ်ပါတယ်။ လုပ်နေရတဲ့ အလုပ်ကိုလည်း စိတ်မဝင်စားတော့ဘဲ စိတ်လေနေတတ်ပါတယ်။

စီးပွားရေး မကောင်းပါ။ စီးပွားတက်တော့ မလိုလိုနဲ့ တဖြည်းဖြည်း ကုန်သွားတတ်ပါတယ်။ အဖြစ်ထက် အပျက်ဘက်က ပိုများ နေပါတယ်။ ခါးနာတာတို့ ၊ ခြေထောက် နာတာတို့ လည်း ဖြစ်တတ်ပါသေးတယ်။

လက်ရှိအလုပ်ကနေ တခြားကို ပြောင်းလိုစိတ် ပေါ်တတ်ပါတယ်။ မပြောင်းပါနဲ့ ။ လက်ရှိအလုပ်က တော်ပါသေးတယ်။ နောက်ပြောင်းမည့် အလုပ်က သင့်ကို အကျိုးမပေးပါ။

သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောတာမျိုး မလုပ်ပါနဲ့ ။ ဒုက္ခရောက်တတ်ပါတယ်။

ညှံ့နေတဲ့ အထဲကနေပြီး မြေတွေ ဘာတွေ ဝင်လာတတ်ပါတယ်။ ဒီနှစ်မျိုးမှာ မမျှော်လင့်ဘဲ အမှုအခင်းတွေ ဘာတွေ ဖြစ်တတ်ပါတယ်။ သတိထားပါ။

အထူးမှာ ကြားချက်

တနင်္လာသားသမီး မည်သူမဆို အသက် (၂၆)နှစ် (၃၄)နှင့် အရွယ်များ တွင် အထူး ဂရုစိုက်ရမယ်။ အမှုအခင်းဖြစ်ခြင်း၊ လက်ခြေတို့ ၌ ပြင်းထန်စွာ ဒဏ်ရာရခြင်း စသည် တို့ တွေ့ကြုံရတတ်ပါတယ်။ ထို့ကြောင့် တစ်ခုသော အင်္ဂါနေ့ညနေ (၃)နာရီတွင် သစ္စာပန်း (၃)ပွင့်၊ သရက်ညွှန့် (၈)ညွှန့်ကို ဘုရားပန်းအဖြစ် အိမ်ဘုရား၌ပင် လှူဒါန်းပြီး ထိုသို့မဖြစ်ရန် ဆုတောင်းပါလေ။ ဖြစ်နိုင်လျှင် သက်သတ်လွတ် (၈)ရက်စားပါက တွေ့ကြုံရမည့် ဒုက္ခများ ပြေငြိမ်း သွားပါလိမ့်မယ်။ အိုးဟောင်းကို တနင်္ဂနွေနေ့မှာ ရေမျှောရမယ်။ ထီးဟောင်းတစ်လက်ကို အိမ်၏ အနောက်အရပ်မှာ စွန့်ပါ။

ယတြာ

တနင်္လာသားသမီး မည်သူမဆို အသက် (၁၈)နှစ်အရွယ်တွင် စိတ်ညစ်စရာများ မကြာခဏ ကြုံတွေ့ရတတ်ပါတယ်။ ထိုသို့ မဖြစ်စေရန်အတွက် ဂုဏ်တော် (၉)ပါးကို မကြာခဏ ပုတီးစိပ်ပေးရပါမယ်။ ထို့ပြင် အင်္ဂါနေ့ညနေ (၃)နာရီတွင် အုန်းနို့ခေါက်ဆွဲ (၁)ပန်းကန်၊ အုန်းနို့ (၁) ခွက်ကို

မိမိထက် အသက်ကြီးသူအား ကျွေးမွေးလှူဒါန်း၍ မိမိတွေ့ကြုံမည့် အခက်အခဲများကို ပြေပျောက်စေရန် ဆုတောင်းရပါမယ်။

မိတ်ဆွေ ဒီနှစ်ဟာ မိတ်ဆွေအတွက် ညံ့တဲ့ နှစ်ပါ။ အဲဒီအညံ့တွေ ပြေပျောက်သွားအောင် မကြာခဏ သင်္ကန်းလှူပေးပါ။ ဘုရားဝေယျာဝစ္စတွေ လုပ်ပေးပါ။ မကြာခဏ ဗုဒ္ဓေါဆိုတဲ့ ဂုဏ်တော်ကို ပုတီးစိပ်ပေးပါ။ အခါကြီး ရက်ကြီးတွေနဲ့ ဆုံရင် သက်သတ်လွတ် စားပေးပါ။

စနေနေ့ မနက်မှ ဆုတောင်းပြီး ထန်းသီးတစ်လုံးကို ရေမျှောလိုက်ပါ။

တနင်္လာနေ့ညနေမှာ ချောင်းထဲမြစ်ထဲမှာ ငါး (၂၆)ကောင် လွှတ်လိုက်ပါ။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ မိတ်ဆွေအဖို့ စိတ်ညစ်စရာတွေ ကြုံတွေ့ရမယ့်နှစ် ဖြစ်ပါတယ်။ မကြာခဏ တရားအားထုတ်ပေးဖို့ လိုပါတယ်။

ဘုန်းကြီးကျောင်းကို သွားပြီး ချိုင့်ခွက်ရှိတဲ့ နေရာကို သွားပြီး မြေဖို့ပေးလိုက်ပါ။

သင်နေတဲ့ ဒေသမှာ ရှိတဲ့ သိမ်မှာ သိမ်ကိုသွားတဲ့ လမ်းကို ရေနံ့ဆီသံပုံးနဲ့ သဲခင်းပေးပါ။ သိမ်အပျက်ကို သွားတဲ့ လမ်းဆိုရင် ပိုပြီး ကောင်းတောင် ကောင်းသေးတယ်။

***

တနင်္လာသားသမီး

များအတွက် ဟောစာတမ်း

(ဗုဒ္ဓဟူး သက်ရောက်)

အသက် ၃နှစ်၊ ၁၁နှစ်၊ ၁၉နှစ်၊ ၂၇နှစ်၊ ၃၅နှစ်၊ ၄၃နှစ်၊ ၅၁နှစ်၊ ၅၉နှစ်၊ ၆၇နှစ်၊ ၇၅နှစ်၊ ၈၃နှစ်၊ ၉၁နှစ်၊ ၉၉နှစ်၊ ၁၀၇နှစ် အတွက်

# တနင်္လာသားသမီးများ

# အတွက်

# ဟောစာတမ်း

# (ဗုဒ္ဓဟူးသက်ရောက်)

**အသက် (၃နှစ်၊ ၁၁နှစ်၊ ၁၉နှစ်၊ ၂၇နှစ်၊ ၃၅နှစ်၊ ၄၃နှစ်၊ ၅၁နှစ်၊ ၅၉နှစ်၊ ၆၇နှစ်၊ ၇၅နှစ်၊ ၈၃နှစ်၊ ၉၁နှစ်၊ ၉၉နှစ်၊ ၁၀၇နှစ်)အတွက်**

သင် . . . မမျှော်လင့်ဘဲ ဒီနှစ်ထဲမှာ အမှုအခင်း ဖြစ်တတ်ပါတယ်။ ဖြေရှင်းစရာ ပြဿနာတွေ ပေါ်တတ်တယ်။ မနာလိုတဲ့ သူတွေလုပ်လို့ လုပ်ငန်းတွေ ထိခိုက်တတ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်ချင်း စိတ်ဝမ်းကွဲတာတွေ ကြုံတွေ့ရလိမ့်မယ်။

ငွေကြေးတွေလည်း ဆုံးပါးတတ်တယ်။ ဘယ်လိုအရသာရှိတဲ့ အစားအသောက်ကိုပဲ စားစား ခံတွင်းမတွေ့ဘဲ ဖြစ်နေတတ်တယ်။ အိမ်ကပစ္စ

ည်းတွေ ချရောင်းရတဲ့ အထိ ငွေပြတ်သွားတတ်တယ်။

အောက်လက်ငယ်သားတွေ တပည့်တပန်းတွေ သင့်ဆီက ထွက်သွားပြီး သင်နဲ့ မတည့်တဲ့ လူဆီ ရောက်သွားတတ်ပါတယ်။ အလုပ်မှာ စိတ်မဝင်စားသလို ဖြစ်နေတတ်တယ်။ အလုပ်မှာ ပြဿနာ ပေါ်တတ်ပါတယ်။

မိတ်ဆွေ . . . မမျှော်လင့်ဘဲ ဒီနှစ်ထဲမှာ အမှုအခင်း ဖြစ်တတ်ပါသည်။ ဖြေရှင်းစရာ ပြဿနာတွေ ပေါ်တတ်တယ်။ မနာလိုတဲ့ သူတွေ လုပ်လို့ လုပ်ငန်းတွေ ထိခိုက်တတ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်ချင်း စိတ်ဝမ်းကွဲတာတွေ ကြုံတွေ့ရလိမ့်မယ်။ ကျန်းမာရေးလည်း ညံ့တတ်တယ်။

ကိုယ်က ပေးစရာရှိတဲ့ ငွေက ချက်ချင်း ပေးရမယ်။ ရစရာရှိတဲ့ ငွေကတော့ မရဘဲ ရှိလိမ့်မယ်။ မိမိအိမ်ခြေရင်းဘက်မှာ အသုဘပေါ်တတ်တယ်။ ပေါ်ရင်တော့ (၅)ဂဏန်းအစ ထီထိုးပေးပါ။ ထီဆုကြီး ပေါက်တတ်ပါတယ်။

သွားကိုက်သွားနာ ဖြစ်လိမ့်မယ်။ မရောက်ဖူး မသွားဖူးသော ခရီးကို ရုတ်တရက် သွား ရတတ်ပါတယ်။ အငယ်ငယ်ရွယ်ရွယ်နဲ့ ကာမဂုဏ်စိတ် ကုန်ခန်းသွားတတ်တယ်။

## ယတြာ


တနင်္လာသားသမီး မည်သူမဆို အသက် (၂၇)နှစ်အရွယ်၊ (၃၅)နှစ်အရွယ်တို့ ၌ ကျန်းမာရေး ညံ့တတ်ပါတယ်။ ကိုယ်ခန္ဓာ၌ ထိခိုက်မိခြင်းများ ကြုံတတ်ပါတယ်။ မကြာခဏ ရေသန့် (၅)ခွက် ဘုရားကို လှူ၍ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို တစ်နေ့လျှင် ပုတီး (၁)ပတ် (၄၉)ရက်ခန့် စိပ်ပေးပါ။ ထို့ပြင် ဗုဒ္ဓဟူးနေ့ ညနေ(၃)နာရီတွင် ဆားထည့်ရန်အတွက် အိုးအရွဲ့တစ်လုံးကို ဝယ်၍ အဒေါ်ကြီးတစ်ဦးအား လက်ဆောင်ပေးလိုက်ပါ

။ ထိုသို့ ပေးပြီးနောက် မိမိတွေ့ကြုံရမည့် အခက်အခဲများအား ဆုတောင်းပါ။

ဒီနှစ်ဟာ ကံဇာတာညံ့တဲ့ နှစ်လို့ ဆိုရပါမယ်။ တစ်ပတ်မှာ တစ်ကြိမ်လောက် စေတီတော် တစ်ဆူဆူမှာ သွားပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကောင်းတာကတော့ ဗုဒ္ဓေါဆိုတဲ့ ဂုဏ်တော်ကို စိပ်သင့်ပါတယ်။ အခါကြီး ရက်ကြီးတွေမှာ သက်သတ်လွတ် စားပေးပါ။

စနေနေ့မနက် (၁၀)နာရီလောက်မှာ ဒံပေါက်တစ်ထုပ်ဝယ်ပြီး ဆွမ်းခံကြွတဲ့ ဘုန်းကြီးကို လောင်းလိုက်ပါ။ ရန်ကုန်မှာ နေတဲ့ မိတ်ဆွေကတော့ ငှက်ပျောသီးကို ချွေပြီး မျောက်တွေကို ပျော်ရွှင် ဝမ်းမြောက်လာအောင် ပစ်ပေါက်၍ ကျွေးပါ။

***




## တနင်္လာသားသမီးများ

## အတွက် ဟောစာတမ်း

(စနေသက်ရောက်)

အသက် (၄နှစ်၊ ၁၂နှစ်၊ ၂၀နှစ်၊ ၂၈နှစ်၊ ၃၆နှစ်၊ ၄၄နှစ်၊ ၅၂နှစ်၊ ၆၀နှစ်၊ ၆၈နှစ်၊ ၇၆နှစ်၊ ၈၄နှစ်၊ ၉၂နှစ်၊ ၁၀၀နှစ်၊ ၁၀၈နှစ်၊

သင် . . . ပြီးခဲ့တဲ့ နှစ်က ညံ့လို့ ငွေကြေးဥစ္စာ ပစ္စည်းတွေ ကုန်ကျခဲ့မယ်။ ကျန်တာလေးတွေ ဒီနှစ်ထဲမှာ ထပ်ပြီး ကုန်သွားလိမ့်မယ်။ ကံဇာတာ ညံ့နေတယ်။ အထူး သတိထားပါ။

သူတစ်ပါးက သင့်ကို အကြောင်းမဲ့ တိုက်ခိုက်ပြီး အကျိုးမဲ့အောင် ပြုလုပ်လိမ့်မယ်။ ပြီးတော့ မကောင်းသတင်းလည်း လွှင့်တတ်ပါသေးတယ်။

ခွဲစိတ် ကုသခံရဖို့ ကိန်းတွေ ကြုံတတ်တယ်။ ရတ်တရက် လေအောင့်တာတို့ ဘာတို့ ဖြစ်တတ်ပါတယ်။ အရွယ်ရောက်ပြီးတဲ့ သားသမီးတွေ ဘာတွေရှိရင်လည်း သတိထားရမယ်။ ဒီနှစ်ထဲမှာ အိမ်ထောင်ကျတတ်တယ်။

ရပ်ဝေးက သက်ကြီးရွယ်အိုတွေ ကိုယ့်ဆီမှာ လာပြီး တည်းခိုတတ်တယ်။ ပြီးတော့ ရုတ်တရက် ကျန်းမာရေး ညံ့ပြီး ဆုံးပါတတ်တယ်။ လက်မခံရင် အကောင်းဆုံးပါပဲ။

ဒီနှစ်ထဲမှာ အညံ့အနည်းငယ် ရှိပါတယ်။ အလုပ်လုပ်ရတာလည်း အ

ခက်အခဲတွေနဲ့ တွေ့လိမ့်မယ်။ အလုပ်ကလည်း ပင်ပန်းတဲ့ အလုပ်မျိုး ဖြစ်နေတတ်တယ်။ ကျိန်းသေအောင်မြင် ဖြစ်ထွန်းမည့် အရာတွေနဲ့လည်း လွဲချော်နေတတ်တယ်။ ကျန်းမာရေးလည်း ညံ့တတ်ပါတယ်။

သူများ အတွက် သက်သေ လိုက်ရတတ်တယ်။ အမှုအချုပ် ရောက်နေတဲ့ လူကို အာမခံနဲ့ သွားပြီး ထုတ်ပေးရတတ်တယ်။ ပြီးတော့ အဲဒီလူကပဲ ကိုယ့်ကို အကောင်းမပြောဘဲ ကျေးဇူးကန်းတာကို ခံရလိမ့်မယ်။

ငွေတွေဘာတွေ ပျောက်တတ်တယ်။ အသက်ကို မထိခိုက်တဲ့ တိုင်အောင် ကားနဲ့ တော့ တိုးမိတတ်တယ်။ ပွတ်သွားတာမျိုး ခံရတတ်ပါတယ်။

သွေးကို အကြောင်းပြုတဲ့ ရောဂါတွေ ရတတ်ပါတယ်။

အလုပ်အကိုင် ထိခိုက်တတ်တယ်။ အိမ်သားတွေလည်း တစ်ယောက်ပြီး တစ်ယောက် ကျန်းမာရေးညံ့လို့ ဆေးခန်း ပို့ရတတ်တယ်။

ဒုက္ခတွေ တစ်ခုပြီးတစ်ခု ရောက်လာတတ်တယ်။ သောကြာသားသမီး တစ်ယောက် သင့်အိမ်မှာ ညအိပ် တည်းခိုလိုက်ရင်တော့ အဲဒီဒုက္ခတွေ လွတ်သွားလိမ့်မယ်။

## ယတြာ


တနင်္လာသားသမီး မည်သူမဆို အသက် (၄၄)နှစ်အရွယ်တွင် ကျန်းမာရေး ထိခိုက်တတ်ပါတယ်။ မတော်တဆ ထိခိုက်မိခြင်းများ ကြုံတွေ့တတ်ပါတယ်။ ထို့ကြောင့် အမွေးတိုင် (၄)တိုင်ကို ဘုရားတွင် လှူဒါန်း၍ ဝိဇ္ဇာစရဏ သမ္ဗုဒ္ဓေါဂုဏ်တော်ကို တစ်နေ့လျှင် ပုတီး(၇)ပတ်ကျ စိပ်ပါ။ (၄၉)ရက်တိုင်တိုင် စိပ်ပါလေ။ ထို့ပြင် စနေနေ့ညနေ (၃)နာရီတွင် ခေါင်းတုံးပြောင်နှင့် လူကိုရှာ၍ ဘုရားကန်တော့ရန် ပန်း(၅)ပွင့်

လှူဒါန်းပြီး မိမိ၌ တွေ့ကြုံရမည့် အခက်အခဲများ ပြေပျောက်စေရန် ဆုတောင်းပါလေ။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ ညံ့နေတာ ထင်ရှားပါတယ်။ မွေးနေ့ညနေပိုင်းမှာ ငါး သက်စေ့လွှတ် ပေးပါ။ လွှတ်ရင် မြစ်ချောင်းထဲမှာ သွားလွှတ်ပါ။ စနေနေ့ မနက်ပိုင်းမှာ နွားကို အစာကျွေးပါ။ မြေချိုင့်တွေ ဘာတွေရှာပြီး အုန်းခွံနဲ့ လမ်းခင်းပေးပါ။

စနေနေ့ မနက်စောစော စနေထောင့်မှာ ထီးနီသက်စေ့ လှူလိုက်ပါ။ မိတ်ဆွေ၊ ဘုန်းကြီးကိုလည်း စတုမဓူလှူပါ။ သီလရှိသူကို ရှာပြီး ထီးတစ်လက် လှူလိုက်ပါ။

***




## တနင်္လာသားသမီးများ

## အတွက် ဟောစာတမ်း

(ကြာသပတေး သက်ရောက်)

## အသက် (၅နှစ်၊ ၁၃နှစ်၊ ၂၁နှစ်၊ ၂၉နှစ်၊ ၃၇နှစ်၊ ၄၅နှစ်၊ ၅၃နှစ်၊ ၆၁နှစ်၊ ၆၉နှစ်၊ ၇၇နှစ်၊ ၈၅နှစ်၊ ၉၃နှစ်၊ ၁၀၁နှစ်၊ ၁၀၉နှစ်) အတွက်

သင် . . . ဒီနှစ် ကံဇာတာက ဘာမှ မလုပ်ဘဲနေရင် နည်းနည်း သက်သာမယ်။ လုပ်တတ်လို့ လျှောက်ပြီးလုပ်ရင်တော့ လုပ်လေ ကုန်လေဖြစ်မှာ ပဲ။

ဒီနှစ်ဟာလည်း ကံဇာတာ ကောင်းတယ်လို့ မပြောနိုင်ပါဘူး။ ဘာပဲ လုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိ ဖြစ်တတ်ပါတယ်။ ဟိုဟာ လုပ်ရမလို၊ ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွား တတ်ပါတယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စနဲ့ ဖြစ်နေတတ်ပါတယ်။

မြေကိစ္စ၊ အမွေကိစ္စနဲ့ စကားများ ရတတ်ပါတယ်။ အိမ်ထောင် ရှိသူများကတော့ သတိထားနေပါ။ အိမ်ထောင်ဘက်က ကိုယ့်ကို အထင်လွဲတတ်ပါတယ်။

ကိုယ်တင် ဒုက္ခရောက်တာ မဟုတ်ဘူး ။ အိမ်သူအိမ်သားတွေလည်း သူ့နည်းနဲ့ သူ ဒုက္ခတွေ တွေ့နေတတ်ပါတယ်။

အိမ်မှာ သုံးတဲ့ ရေပိုက်၊ ရေကန်တွေ ပြုပြင်ရတတ်ပါတယ်။ ဒီအချိန်နဲ့ မရှေးမနှောင်းမှာ ပဲ ကိုယ်နေတဲ့ လမ်းထဲမှာ အသုဘ ပေါ်တတ်ပါတယ်။

ငွေတွေလည်း ဝင်စရာရှိတာ မဝင်ဘဲ လာဘ်ပိတ်နေမယ်။

အိမ်ကို ဘိုးတော်လိုလို၊ ဘာလိုလိုနဲ့ ညာတဲ့ လူတွေ ရောက်လာတတ်တယ်။ မယုံပါနဲ့ ။ ပါသွားလိမ့်မယ်။

လုပ်နေကျ လုပ်ငန်းကိုရပ်ပြီး လုပ်ငန်းအသစ် ပြောင်းလုပ်ဖို့ စိတ်ကူးပေါ်မယ်။ မလုပ်ပါနဲ့ လို့ အကြံပေးချင်ပါတယ်။ လုပ်ငန်းပြောင်းလုပ်ရင် ဆုံးရှုံးမယ်။

အဲဒီ နိမိတ်တွေ့ပြီးရင် သင်ဟာ ခရီးထွက်ရလိမ့်မယ်။ ခရီးထွက်ပြီးလို့ ပြန်လာရင်တော့ သင့်ရဲ့ ညှိုးနေတဲ့ ကံတွေ ကောင်းသွားပြီလို့ ယူဆပါ။

မကြာခဏ ခေါင်းကိုက်လိမ့်မယ်။ ငွေအတွက်လည်း ပူပင်သောကရောက်ရလိမ့်မယ်။

## ယတြာ

အသက်ကြီးတဲ့ လူမမာကို ဆေးဖိုး၊ ဓာတ်စာဖိုးများ လှူဒါန်းပါ။

အုန်းသီးအစိမ်း တစ်လုံးကို အဝဖြတ်ပြီး အရည်တွေ သွန်ပစ်လိုက်ပါ။ ပြီးရင် ဆားများများ သိပ်ပါ။ အဲဒီနောက် ရက္ခစိုးစင်မှ သွားလှူလိုက်ပါ။ အဲဒီယတြာကို အင်္ဂါနေ့ နံနက်စောစော ပြုလုပ်ပါ။ ကြာသပတေးနေ့ ညနေ (၃)နာရီလောက်မှာ စမူဆာ (၅)ခု ဝယ်ပြီး လမ်းကခွေးကို ကျွေးပါ။ မြန်မာလဆန်း ၉ ရက်၌ ဖြစ်စေ၊ လဆုတ် ၉ ရက်၌ ဖြစ်စေ နံနက် ၉ နာရီတိတိမှာ သင့်ရဲ့ အိမ်ဘုရားစင်မှာ ပဲ ကော်ဖီ(၁)ခွက်နဲ့ ကိတ်မုန့် ၉ ချပ် ကပ်လှူပါ။ အညှို့တွေ ပြေပျောက်သွားလိမ့်မယ်။

***

တနင်္လာသားသမီး

များအတွက် ဟောစာတမ်း

(ရာဟု သက်ရောက်)

အသက် ၆နှစ်၊ ၁၄နှစ်၊ ၂၂နှစ်၊ ၃၀နှစ်၊ ၃၈နှစ်၊ ၄၆နှစ်၊ ၅၄နှစ်၊ ၆၂နှစ်၊ ၇၀နှစ်၊ ၇၈နှစ်၊ ၈၆နှစ်၊ ၉၄နှစ်၊ ၁၀၂နှစ်၊ အတွက်


## တနင်္လာသားသမီးများ

## အတွက် ဟောစာတမ်း

(ရာဟု သက်ရောက်)

**အသက် (၆နှစ်၊ ၁၄နှစ်၊ ၂၂နှစ်၊ ၃၀နှစ်၊ ၃၈နှစ်၊ ၄၆နှစ်၊ ၅၄နှစ်၊ ၆၂နှစ်၊ ၇၀နှစ်၊ ၇၈နှစ်၊ ၈၆နှစ်၊ ၉၄နှစ်၊ ၁၀၂နှစ်) အတွက်**


သင် . . . တစ်ခု အကြံပေးချင်တာက ဒီလို ကံကောင်းတဲ့ နှစ်မှာ ကိုယ့်အလုပ် ကိုယ်ကြိုးစားပြီး လုပ်ပါ။ ဘယ်အသင်းအဖွဲ့မှ မဝင်ပါနဲ့ ။ အချိန်ဖြုန်းသလို လုပ်ရတဲ့ ကျားထိုးတာတို့ ချက်ထိုးတာတို့ ဘောလုံးပွဲကြည့်တာတို့ မလုပ်ပါနဲ့ ။ မုချ ချမ်းသာမယ့်နှစ်ဖြစ်မယ်။ ကြိုးစားရင် ကြိုးစားသလောက် အကျိုးရှိမှာ ဖြစ်တယ်။

မမျှော်လင့်တဲ့ ဆီက ငွေတွေ ဝင်လာတတ်တယ်။ ဆုံးပြီလို့ ထင်တဲ့

ငွေတွေ ပြန်ရတတ်တယ်။ အလုပ်တွေ အကျိုးပေးတတ်တယ်။

ဒီနှစ်ထဲမှာ ဆိတ်သားဟင်း ရှောင်ထားပါ။ ထမင်းစားတဲ့ အခါလည်း ဟင်းကောင်းဖို့ မလိုဘူး။ ဘာနဲ့ ပဲစားရစားရ ထမင်းမြိန်နေ တတ်တယ်။ ကံကောင်းနေပြီကိုး။

ဒီနှစ်မှာ တခြားနှစ်နဲ့ မတူဘူး။ ကိုယ့်ကို မလေးစားတဲ့ လူတွေကတောင် ကြည်ညိုလေးစား လာတတ်ကြပါတယ်။ ဒီနှစ်ဟာ ကံကောင်းတဲ့ နှစ်လို့ ဆိုရလိမ့်မယ်။

ကိုယ်က ဖြစ်သလို ဝတ်စားတာကို ဘေးလူက ကြည့်လို့ ကောင်းနေ တတ်တယ်။

ကားပိုင်မရှိသေးရင်တော့ ကားပိုင်ရလိမ့်မယ်။ ပထမရတဲ့ ကားကတော့ မကြာခဏ ပျက်လိမ့်မယ်။ အဲဒီပျက်တဲ့ ကားကိုလဲပြီး နောက်ရမယ့်ကားမှ အကောင်းစီးရမှာ နော်။ ကားရှိပြီးသား ဆိုရင်တော့ ကားသစ် ရပြီဆိုပြီး သိပ်လည်း ပျော်မနေနဲ့ ဦး။ ဘေးမှာ ပွတ်တိုက်ထားတဲ့ ဒဏ်ရာရှိတယ်။ လူချစ်လူခင် များ မယ့်နှစ်လည်း ဖြစ်တယ်။

သေမလောက်ရောဂါ ခံနေရတဲ့ သူကို ကိုယ်က ကြားဖူးတဲ့ ဆေးမြီးတိုကလေး ပေးလိုက်တယ်။ သူကလည်း ယုံကြည်စွာနဲ့ သောက်လိုက်တယ်။ အဲဒီမှာ ရောဂါပျောက်သွားတယ်။ ကိုယ့်ကိုလည်း ဇီဝကလောက် ထင်သွားတယ်။ ကံကောင်းနေတာကိုး။

ကိုယ်က တလွဲ အကြံပေးလိုက်တယ်။ လုပ်တဲ့ သူကလည်း လိုက်ပြီး လုပ်တယ်။ သူ့ဟာနဲ့ သူ အပေါက်အလမ်း တည့်သွားတယ်။ အဲဒီမှာ ပဲ ကိုယ့်ကို ကျေးဇူးတင်တော့တာပါပဲ။ ကံကောင်းနေတော့လည်း ပြောတိုင်း ဖြစ်တာပေါ့လေ။ အလွန်ကောင်းတဲ့ သတင်းတစ်ခု ကြားရတတ်ပါတယ်။ အလုပ်တွေ အကျိုးပေးတတ်တယ်။ ဒီနှစ်မှာ သင်ဟာ

ချမ်းသာမှာ ပါပဲ။

ဘုရားဆင်းတုတော်တွေ၊ ဘုရားပုံတော်တွေ အိမ်ကို ကြွလာတတ်တယ်။

ကိုယ်က အလုပ်လုပ်ချင်တယ်။ ကိုယ့်မှာ ငွေမရှိဘူး။ ငွေရှိတဲ့ သူက သူ့ငွေတွေကို ယူပြီးလုပ်ပါ။ ပေးချင်တဲ့ အခါမှ ပြန်ပြီးပေးပါဆိုပြီး ငွေထုပ်ကို လာပြီး အပ်တတ်တယ်။ ကံကောင်းနေတာကိုး။ အလွန်ကောင်းတဲ့ သတင်းတစ်ခု ကြားရတတ်ပါတယ်။ လူချစ်လူခင်များ မယ့် နှစ်လည်း ဖြစ်တယ်။ အလှူလုပ်ရတတ်တယ်။ လုပ်ရမယ့် အလှူကလည်း ရည်ရွယ်တုန်းက သေးသေး တကယ်လုပ်တော့ ကြီးသွားလိမ့်မယ်။

အိမ်ထောင်ရေးနဲ့ ပတ်သက်သော ပြဿနာများ ကြုံရတတ်ပါတယ်။ ငွေကုန်ကြေးကျ များ ခြင်း၊ ရတဲ့ ငွေ မမြဲခြင်းများ ကြုံရတတ်ပါတယ်။

## ယတြာ

ဒီနှစ်မှာ အတော့်ကို ကံကောင်းနေပြီပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့အခိုက်တွေလည်း ရှိတာပေါ့။ အဲဒါလေးတွေကို ပြေပျောက်သွားဖို့ အတွက် စေတီတော် တစ်ဆူဆူမှာ ယပ်သက်စေ့ လှူလိုက်ပါ။ ရေသက်စေ့ သပ္ပာယ်ပါ။ ရုပ်ပွားတော်ရဲ့ ရင်ဘတ်တော်မှာ ရွှေ (၁၂)ပြားချပါ။ လောကဝိဒူ ဂုဏ်တော်ကို အဓိဋ္ဌာန်နဲ့ စိပ်ပေးပါ။


ရွှေထီး ၂ လက်ကို ဘုရားမှာ ကြက်ခြေခတ်ပြီး လှူပါ။

ကြာပန်းအဖြူရောင် လှူပါ။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ဟာ အတော့်ကို ကံကောင်းတဲ့ နှစ် ဖြစ်ပါတယ်။

အဲဒီလို လှူလိုက်မယ်ဆိုရင် အညွှံ့အခိုက်တွေဟာ ပြေပျောက်သွားမှာ ပါပဲ။

***




တနင်္လာသားသမီးများ

အတွက် ဟောစာတမ်း

(သောကြာ သက်ရောက်)

အသက်(၇နှစ်၊ ၁၅နှစ်၊ ၂၃နှစ်၊ ၃၁နှစ်၊ ၃၉နှစ်၊ ၄၇နှစ်၊ ၅၅နှစ်၊ ၆၃နှစ်၊ ၇၁နှစ်၊ ၇၉နှစ်၊ ၈၇နှစ်၊ ၉၅နှစ်၊ ၁၀၃နှစ်) အတွက်

သင်သည် ခါတိုင်းနှစ်နဲ့ မတူပါ။ စည်းစိမ်ဥစ္စာတွေလည်း တိုးတက်လိမ့်မယ်။ ကျေးဇူးရှင်တွေ မိဘတွေကိုလည်း ပြန်ပြီး ကြည့်နိုင်လိမ့်မယ် ။ ငွေတွေကလည်း ဝင်လာမှာ တသောသောပါပဲ။ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံမယ့်နှစ်ပါပဲ။ ဒီနှစ်ကတော့ စိတ်တိုင်းကျ ကောင်းမည့် နှစ်ပါ။ စက်တွေ စိန်တွေလည်း ဝင်တတ်တယ်။

မိတ်ဆွေ ဒီနှစ်မှာ သင့်အတွက် ကံကောင်းတဲ့ နှစ် တစ်နှစ်ပါပဲ။ ခရီးဝေး၊ ခရီးနီး နှစ်မျိုးစလုံး ပျော်ပျော်ရွှင်ရွှင် သွားရတတ်တယ်။ ရာထူးတွေလည်း တိုးလိမ့်မယ်။ ဆုံးမလို ဖြစ်နေတဲ့ ပစ္စည်းတွေလည်း ပြန်ရတတ်ပါတယ်။ ပစ္စည်းသစ်တွေ၊ အဝတ်အစားသစ်တွေလည်း ဝင်လာလိမ့်မယ်။ မိမိမျှော်လင့် မထားတဲ့ အဆင့်အတန်းကို ရောက်သွားလိမ့်မယ်။

မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ပေးရ တတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူ ဆိုရင်တော့ အိမ်ထောင် ကျတတ်ပါတယ်။ ရာထူးကြီးတွေ မြင့်တက်သွားမယ်။

အထက်လူကြီး၊ ဆရာသမားလို ပုဂ္ဂိုလ်မျိုးကလည်း ကြည့်လိမ့်မယ်။ မိတ်ကောင်း ဆွေကောင်းတွေလည်း ရလိမ့်မယ်။ မတွေ့တာ ကြာပြီဖြစ်သော မိတ်ဆွေများ နှင့် ပြန်လည်တွေ့ဆုံရ တတ်ပါတယ်။

အထူးမှာ ကြားချက်

တနင်္လာသားသမီး မည်သူမဆို အသက် (၄၇)နှစ် အရွယ်တွင် ပစ္စည်းဥစ္စာများ ဆုံးပါးခြင်း၊ အမှုအခင်း ဖြစ်ပွားခြင်း၊ ရတ်တရက် ထိခိုက်မိခြင်း ဖြစ်တတ်ပါတယ်။ ကျန်းမာရေးလည်း မကြာခဏ ညှံ့သွားတတ်ပါတယ်။ ထိုအန္တရာယ်များ လွတ်မြောက်စေရန်အတွက် ဆလတ်ရွက် (၇) ရွက်ခင်းပြီး ထိုဆလတ်ရွက်များ ပေါ်တွင် ဆိတ်သား (၉)တုံးတင်ပြီး

လမ်းမှ ခွေးကို ည (၉)နာရီခန့်တွင် ကျွေးပါ။ ထိုသို့ ပြုလုပ်လိုက်လျှင် တွေ့ကြုံရမည့် အန္တရာယ်များ လွတ်ကင်း သွားပါလိမ့်မည်။

## ယတြာ

အလွန် ကောင်းတဲ့ နှစ်ပါပဲ။ ဒါပေမဲ့ မပြောပလောက်တဲ့ အညံ့အနိုက်လေးတွေတော့ ရှိတာပေ့ါဗျာ။ အဲဒါလေးတွေ အတွက်တော့ ယတြာချေဖို့ လိုလိမ့်မယ်။

အိပ်ရာ ရွှေ့အိပ်လိုက်ပါ။ ဆင်းရဲနွမ်းပါးသူကို ခရီးစရိတ် ထောက်ပံ့ပေးပါ။

မြန်မာပြည်တစ်ပတ် ဘုရားစုံ လှည့်ဖူးလိုက်ပါဦး။ အင်္ဂါနေ့တိုင်း ဆီထမင်း (၅)ပွဲ ဘုရားမှာ လှူပါ။

အုန်းသီး မထည့်နဲ့ နော်။ ဒီနှစ်ဟာ မိတ်ဆွေအတွက် အလွန့်ကို ပျော်ဖို့ ကောင်းတဲ့ နှစ်ပါပဲ။ ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း (၃)ပန်းကန်လှူပါ။ အုန်းသီး မထည့်ပါနဲ့ ။

***

တနင်္လာသားသမီး

များအတွက် ဟောစာတမ်း

| | |
|---|---|
| ၆ | ၀ |
| ၅ | ၆ |
| ၄ | ၅ |
| ၃ | ၄ |
| ၂ | ၃ |
| ၁ | ၂ |
| ၀ | ၁ |

(တနင်္ဂနွေ သက်ရောက်)

အသက် ၈နှစ်၊ ၁၆နှစ်၊ ၂၄နှစ်၊ ၃၂နှစ်၊ ၄၀နှစ်၊ ၄၈နှစ်၊ ၅၆နှစ်၊ ၆၄နှစ်၊ ၇၂နှစ်၊ ၈၀နှစ်၊ ၈၈နှစ်၊ ၉၆နှစ်၊ ၁၀၄နှစ်၊ အတွက်

## တနင်္လာသားသမီးများ

## အတွက် ဟောစာတမ်း

(တနင်္ဂနွေ သက်ရောက်)

အသက် (၈နှစ်၊ ၁၆နှစ်၊ ၂၄နှစ်၊ ၃၂နှစ်၊ ၄၀နှစ်၊ ၄၈နှစ်၊ ၅၆နှစ်၊ ၆၄နှစ်၊ ၇၂နှစ်၊ ၈၀နှစ်၊ ၈၈နှစ်၊ ၉၆နှစ်၊ ၁၀၄နှစ်) အတွက်

သင်ဒီနှစ်ထဲမှာ အောက်ပါ အဖြစ်အပျက်များ ကြုံတွေ့ရတတ်ပါတယ်။

ပျော်စရာကောင်းတဲ့ အလုပ်တွေကိုလည်း လုပ်ရပါလိမ့်မယ်။

လုပ်ငန်း တိုးတက်တာမျိုး၊ ရာထူး တိုးတက်တာမျိုး ကြုံတွေ့ရပါလိမ့်မယ်။

လူမျိုးခြား ဘာသာခြားတွေ မစတတ်ပါတယ်။ တစ်ခု

သတိထားရမှာ ကတော့ မုဆိုးမညှော့်သည် ညအိပ်လက်ခံမိလျှင် မချော်လင့်ဘဲ အမှုဖြစ်တတ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလိုကံကောင်းတဲ့ နှစ်မျိုးမှာ သူများ လာအပ်တဲ့ ပစ္စည်းကောင်းတွေ၊ အဖိုးမတန်တဲ့ ကျောက်မျက်ရတနာတွေကို လက်မခံသင့်ပါ။ လက်ခံလိုက်ပါက လာဘ်တိတ်သွားမယ်။ တစ်ခုသတိထားရမှာက အိမ်ကို ဆရာအတုအယောင်တွေ ရောက်လာတတ်သည် ။ စက်တွေ ဘာတွေ ဝယ်မယ် ဆိုရင်လည်း သတိထားပါ။ ကြည့်တုန်းကတော့ အကောင်းပဲ။ ကိုယ့်လက်ထဲရောက်မှ အပျက် ဖြစ်နေတတ်တယ်။ နားလည်တဲ့ သူကို ပြပြီးဝယ်တာ အကောင်းဆုံးပါပဲ။

ဘုရားဖူးထွက်တာမျိုး၊ အလှူအတန်း ကိစ္စအတွက် ခရီးထွက်တာမျိုး ကြုံရတတ်ပါတယ်။ ရပ်ဝေးခရီး၊ နိုင်ငံခြားခရီး သွားရတာမျိုးလည်း ကြုံတွေ့ရတတ်ပါတယ်။

ကားရှိရင်တော့ ရပ်တဲ့ အခါ သတိထားပါ။ သူများကားက ပွတ်တိုက်သွားခြင်း၊ ချိတ်သွားခြင်း၊ ကြုံတွေ့ရတတ်ပါတယ်။

ခါတိုင်းနှစ်နဲ့ မတူပဲ သင်သည် သင့်ရဲ့ ပတ်ဝန်းကျင်မှာ တန်ခိုးသြဇာတွေ မြင့်တက်လာမယ်။ ကောင်းတဲ့ ဂုဏ်သတင်းတွေ ကျော်ကြားလာမယ်။

ကိုယ်ပိုင် လုပ်ငန်းလုပ်တဲ့ လူဆိုလျှင် လုပ်ငန်းတွေ တိုးချဲ့ရပါလိမ့်မယ်။

အလုပ်အကိုင် ကောင်းတယ် ဆိုပေမယ့် အလုပ်မှာ အတိုက်အခံတော့ ရှိတယ်။ မိမိအထက်လူကြီးက မိမိအပေါ်မှာ အထင်လွဲတတ်ပါတယ်။ သင်ပိုင်သော ပစ္စည်းတွေကိုတော့ သတိထားပြီး သိမ်းဆည်းပါ။ ဒီနှစ်မှာ သူခိုး ခိုးခံရတတ်တယ်။

မျက်နှာမှာ အဖုအပိမ့် အနာလေးတွေ ဖြစ်တတ်ပါတယ်။ ဘာမှ ဆေးမလိမ်းပါနဲ့ ။ ဆေးလိမ်းရင် ပွားလာလိမ့်မယ်။

ရှင်သီဝလိပုံတော်တွေ၊ ဘုရားဆင်းတုတော်တွေ၊ ဓာတ်တော်တွေ အိမ်ကို ကြွလာတတ်တယ်။ ဒီလိုနှစ်ပိုင်းမှာ အမျိုးသားများ ဆိုလျှင် ဒုလ္လ ဘရဟန်း ဝတ်ရလိမ့်မယ်။ လုပ်ငန်းမှာ နေရာကောင်းတွေ ရတတ်ပါလိ မ့်မယ်။ အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦး၏ အထင်လွဲပြီး မုန်းသွား တတ်တယ်။ အပူလောင်တတ်တယ်။ ရေနွေးအပူတို့ ၊ မီးအပူတို့ ၊ လျှပ်စ စ်တွေကိုင်ရင် သတိထားပါ။ ခြေထောက်မျက်တတ်၊ နာတတ်ပါတယ်။

ဒီအသက်ပိုင်းမှာ စီးပွားလည်း တက်တတ်ပါတယ်။

လုပ်ငန်းတွေ တိုးချဲ့ လုပ်ကိုင်ရတာမျိုးလည်း ကြုံရပါလိမ့်မယ်။

လုပ်ငန်းမှာ ရာထူးတိုးတက်တာ မုချကြုံတွေ့ပါလိမ့်မယ်။

အိမ်နေရာ၊ အလုပ်နေရာ ပြောင်းရွှေ့ရတာမျိုးလည်း ကြုံတတ်တယ် ။

အိုးပိုင်အိမ်ပိုင် မရှိသေးရင်တော့ ဒီအသက်ပိုင်းမှာ အိုးအိမ်တိုက်တာ အဆောက်အဦတွေ ပိုင်ဆိုင်ရတော့မယ်။

## ယတြာ

မိတ်ဆွေ . . . ဒီနှစ်အဖို့ ကောင်းတယ် ဆိုပေမယ့် အညံ့လေးတွေ န ည်းနည်းပါးပါးတော့ ရှိတာပေါ့ဗျာ။ အဲဒီအညံ့တွေအတွက် ယတြာဆို တာတော့ လိုတာပေါ့ဗျာ။

ဗုဒ္ဓဟူးနေ့တိုင်း ရှောက်သီးသုပ် ဆွမ်းတော် ကပ်ပေးပါ။

မကြာ မကြာ အမဲဥ္ဓာန်ပြုပြီး သက်သတ်လွတ် စားပေးပါ။

တနင်္ဂနွေနေ့တိုင်း စေတီတော်တစ်ဆူရဲ့ တနင်္ဂနွေထောင့်မှာ မီးသက်စေ့ ပူဇော်ပေးပါ။ ဘဲသားကို အုန်းနို့နဲ့ ချက်၊ လေးဆင့်ချိုင့်နဲ့ ထည့်ပြီး ဘုန်းကြီးကျောင်းကို ပို့ပါ။ အဲဒါကိုလည်း ဗုဒ္ဓဟူးနေ့မှာ လုပ်ပါ။ သင်တွေ့ကြုံရမယ့် အညံ့တွေ ပြေပျောက် သွားပါလိမ့်မယ်။

***